ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday, 16 July 2022 ၁၀၇၉၈

### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University နှင့် Peterhof (နွေရာသီနန်းတော်)တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင် ၁၄ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University နှင့် အထင်ကရနေရာတစ်ခုဖြစ်သည့် Peterhof (နွေရာသီနန်းတော်)သို့ သွားရောက်လေ့လာသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Polytechnic State University သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ ပါမောက္ခချုပ် Mr. Andrey Ivanovich Rudskoy နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်အဝန်းအဝိုင်းပုံစံငယ်များဖြင့် အဆောက်အအုံနေရာချထားမှုအခြေအနေ၊ ဘာသာရပ်အလိုက် သင်ကြားနိုင်သည့် အခြေအနေ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University အတွင်း ကြည့်ရှုလေ့လာစဉ်။

ယနေ့ ဖတ်စရာ

မမေ့တဲ့နိုင်
တစ်ဆယ့်ကိုး ဇူလိုင်မှသည်
အနာဂတ်နိုင်ငံတော်သစ်ဆီသို့ . . .
ဆောင်းပါး စာမျက်နှာ - ၁၀

ဆင်ဖြူကျွန်းအောင်သိန်း၏ ဝတ္ထုတို
ဆားဖျက်လေတယ်
စာမျက်နှာ - ၁၉

လေ့လာစရာ အင်္ဂလိပ်စာ
စာမျက်နှာ - ၂၀၊ ၂၁

ဓာတ်ခွဲနမူနာစုစုပေါင်း ၄၈၄၆ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ
စာမျက်နှာ - ၂၂

ကြေးမုံ

# အကြမ်းဖက်သမားများအား ဝိုင်းဝန်းတိုက်ဖျက်

လောကတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ မရပ်မနားလည်ပတ်နေသည်။ လူတို့အနေဖြင့် ကုန်လွန်ခဲ့သော အတိတ်ကာလက အဖြစ်အပျက်များကို များသောအားဖြင့် မေ့ပျောက်သွားလေ့ရှိကြသည်။ သို့သော် မမေ့ပျောက်နိုင်သော ထူးထူးခြားခြား ရှားရှားပါးပါးအကြောင်းကိစ္စများလည်း ရှိကြပါသည်။ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလတိုင်အောင် ပြည်သူအားလုံး မမေ့ပျောက်နိုင်အောင် စွဲထင်ကျန်ရစ်နေသော အကြောင်းကိစ္စသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရခြင်းဖြစ်သည်။

တိုင်းရင်းသားပြည်သူအားလုံး လေးစားမြတ်နိုး ဂုဏ်ယူကိုးစားတန်ဖိုးထားသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ရခြင်းကို ယူကျုံးမရဖြစ်ကြရသည်။ နှမြောတသဖြစ်ကြရသည်။ ဝမ်းနည်းပူဆွေးကြရသည်။ စိတ်မကောင်းဖြစ်ကြရသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလတိုင်အောင် အောက်မေ့သတိရလျက်ရှိနေကြသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် ဘဝကိုပေးဆပ်၍ မနေမနားကြိုးပမ်းအားထုတ်ခဲ့ပြီး လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ချူရန် လက်တစ်ကမ်းအလိုတွင် အကြံပက်စက်သည့် မသမာသူနှင့် ရက်စက်ယုတ်မာသည့် အကြမ်းဖက်သမားတို့၏လက်ချက်ဖြင့် ကျဆုံးခဲ့ရသည်။

တိုင်းပြည်နှင့်လူမျိုးအတွက် တန်ဖိုးမဖြတ်နိုင်သော၊ တန်ဖိုးကြီးမားသည့် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသဖြင့် ယူကျုံးမရဖြစ်ကြရသည်။ လောကတွင် ကာမအမှောင်သည် အမိုက်မှောင်ဆုံးဟု ဆိုကြသည်။ ကျွန်ုပ်တို့အလိုအရ နိုင်ငံရေးအမိုက်မှောင်ကို ပို၍အမိုက်အမှောင်ဆုံးဟု ဆိုချင်သည်။ ယင်းကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရမှုက သက်သေပြထားသည်။ ကာမအမိုက်မှောင်သည် လူတစ်ဦး၊ အသိုင်းအဝိုင်းတစ်ခုကိုသာ ထိခိုက်မှုရှိသော်လည်း နိုင်ငံရေးအမိုက်မှောင်သည် တစ်တိုင်းပြည်လုံးနှင့် လူအများအား ထိခိုက်နစ်နာစေခြင်း သို့မဟုတ် အမိုက်မှောင်ဖုံးစေခြင်းကို ဖြစ်စေသည်။ ထို့ကြောင့် နိုင်ငံရေးအမိုက်မှောင်သည် အမိုက်မှောင်ဆုံးတွင် အမှောင်ဆုံးဟုဆိုချင်သည်။

အာဏာရလိုမှု၊ အာဏာလက်လွှတ်ရမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော အာဃာတနှင့် အမုန်းတရားများ ကြီးထွားလာသောအခါ ယုတ်မာပက်စက်သည့် မကောင်းသည့်အကြံအစည်များဖြစ်ပေါ်လာသည်။ အာဏာယစ်မူးနေသော နိုင်ငံရေးသမားတစ်ဦး၏စေခိုင်းမှုကြောင့် ပြည်သူတစ်ရပ်လုံး ချစ်မြတ်နိုးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များကို အကြမ်းဖက်သမားတစ်စုက ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ဤအဖြစ်ဆိုးသည် တိုင်းပြည်အတွက် ဝမ်းနည်းကြေကွဲစရာသာမက သင်ခန်းစာယူစရာအဖြစ် သတိပြုဆင်ခြင်ရှုမြင်ရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌သာမက နိုင်ငံအချို့တွင်ပါ အစွန်းရောက်နိုင်ငံရေးသမားတို့၏ သွေးထိုးလှုံ့ဆော်ပေးမှုများကြောင့် ပဋိပက္ခများ၊ ဆူပူသောင်းကျန်းမှုများ၊ အကြမ်းဖက်တိုက်ခိုက်၊ သတ်ဖြတ်မှုများ ပေါ်ပေါက်လာသည်ကိုတွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အစွန်းရောက်နိုင်ငံရေးသမားများက အာဏာရလိုမှု၊ အာဏာလက်လွှတ်လိုက်ရမှုကို အကြောင်းပြု၍ အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်လာကြသည်။ "ကြွက်မနိုင် ကျီးမီးနှင့်ရှို့" ဆိုသကဲ့သို့ တိုင်းပြည်အလုံးစုံပျက်သုဉ်းအောင်ပင် ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးအမိုက်မှောင်ဖုံးနေသူများ၊ အသိမဲ့သူ၊ အသိဉာဏ်ဆင်ခြင်တုံတရားနည်းပါးသူနှင့် လူမိုက်များအား သွေးထိုးမြှောက်ပင့်ထောက်ပံ့ပေးပြီး အများပြည်သူပိုင်အဆောက်အအုံ၊ ငွေကြေးပစ္စည်းများကို လုယက်ခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ်ကြသည့်အပြင် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ကာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားလာအောင် ပြုလုပ်နေကြသည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ပြည်ပမှ သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးမှုများ၊ ပြည်တွင်းမှ အစွန်းရောက်နိုင်ငံရေးသမားများ၏ နိုင်ငံနှင့်လူမျိုး ပျက်စီးအောင် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ကြသည့် မှတ်တမ်းများရှိသည်။ မျက်မှောက်ကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်၊ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားမလည်ပတ်စေရန် CRPH၊ NUG အကြမ်းဖက်အဖွဲ့အစည်းများက PDF အမည်ခံအကြမ်းဖက်သမားများကို သွေးထိုးမြှောက်ပင့်ထောက်ပံ့ပေးပြီး နိုင်ငံအတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ၊ အပြစ်မဲ့ပြည်သူ ရဟန်းရှင်လူများအား သူလျှို၊ ဒလန်ဟုစွပ်စွဲပြီး ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်မှုများ၊ အများပြည်သူ ငွေကြေးဥစ္စာပစ္စည်းများကို လုယက်ယူငင်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည်ကိုတွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံရေးအစွန်းရောက်နှင့် အကြမ်းဖက်သမားတို့၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် (၇၅)နှစ်မြောက် ယနေ့ကာလတွင် ခေတ်သစ်နိုင်ငံရေး အစွန်းရောက်နှင့် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရအောင် ယုတ်မာပက်စက်မှုများအား ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချတိုက်ဖျက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ရွှေကျင်မြို့နယ်၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါး ပြိုင်ပွဲဝင်များအား ဆုပေးပွဲနှင့် ဟောပြောပွဲကျင်းပ



ရွှေကျင် ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် အာဇာနည်နေ့အကြောင်း စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးများ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင်အထက(ရွှေကျင်) ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က အာဇာနည်နေ့ ဖြစ်ပေါ်လာရသည့် အကြောင်းများကို ပြောကြားပြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သဲစုအောင်က အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများအား ဟောပြောခဲ့ပြီး အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်ဆောင်ဆန်း၏ လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ခဲ့မှုများကို အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် အာဇာနည်နေ့အကြို စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးတို့တွင် ပြိုင်ပွဲဝင်ကြသည့် ထက်-လယ်-မူ ကျောင်းသား ကျောင်းသူ ၁၄၀ ရှိခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရခဲ့သည့် ထက်-လယ်-မူ ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ (၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပ

မန္တလေး ဇူလိုင် ၁၅

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ (၇၅) နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါး ပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ် ( E-12 )၌ ကျင်းပခဲ့ရာ ဘာသာစကားဌာနအသီးသီးမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုကြပြီး ပါမောက္ခချုပ်ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မော်ကွန်းထိန်းများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

၂၂

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၁၅

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိသပြည်နယ် ကမ်းခြေတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅ - ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၅၀ | ၃၇၀,၀၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၀၀ | ၈၅၁ | ၂,၂၁၃,၁၅၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၁ | ၇,၃၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၀ | ၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၁၅၀ | ၃၈၂,၅၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၁ | ၂,၅၅၀ |
| AMATA | ၅,၀၀၀ | ၄,၉၀၀ | ၂ | ၉,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၈၅၈.၁ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၃.၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၅၈၁ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၅.၈၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၁၇၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၄၇.၉ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၈.၄ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၂.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၉.၅၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ
ကျောင်းသား ကျောင်းသူတို့အတွက် အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကျောင်းအစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်က တက္ကသိုလ်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ နည်းပညာတက္ကသိုလ်တို့နှင့် ဆက်သွယ်ဆောင်ရွက်လိုသည့် အခြေအနေ၊ ၂၀၀၆ ခုနှစ်အထိ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားများ စေလွှတ်ဆောင်ရွက်ခဲ့မှုကို အခြေခံ၍ ပညာရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်လိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင် သင်တန်းသားများပညာသင်ကြားခဲ့မှု၊ လက်ရှိတွင်လည်း ပညာတော်သင် သင်တန်းသား အရာရှိအများအပြား တက်ရောက်လျက်ရှိသည့် အခြေအနေနှင့် Polytechnic State University သို့လည်း သင်တန်းသားများ စေလွှတ် သင်ကြားသွားမည်ဖြစ်သည့် အခြေအနေ၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် Polytechnic State University ပါမောက္ခချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Polytechnic State University အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်မှ ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားသည့် ကုန်းရေနှစ်သွယ်သွား ရေယာဉ်၏ စွမ်းဆောင်နိုင်မှုများ၊ ကွန်ပျူတာအလုံးရေ တစ်သောင်းကျော်၏ စွမ်းဆောင်ရည်နှင့် ညီမျှသည့် Super Computer ကို အသုံးပြု၍ ငလျင်တိုင်းတာ တွက်ချက်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တိုင်းတာတွက်ချက်ခြင်း၊ UAV နှင့်

**စာမျက်နှာ ၄ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University မှ ပါမောက္ခချုပ် Mr. Andrey Ivanovich Rudskoy တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Polytechnic State University ပါမောက္ခချုပ် Mr. Andrey Ivanovich Rudskoy တာဝန်ရှိသူများက တက္ကသိုလ်အဝန်းအဝိုင်းပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Polytechnic State University ပါမောက္ခချုပ် Mr. Andrey Ivanovich Rudskoy အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

- ☆ St. Petersburg Polytechnic State University **သည် ရုရှားနည်းပညာဆိုင်ရာ တက္ကသိုလ်တစ်ခုဖြစ်ပြီး** Peter the Great Polytechnic Institute **သို့မဟုတ်** Kalinin Polytechnic Institute **ဟုလည်း ခေါ်ဝေါ်**
- ☆ **၁၈၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုဗယ်ဆုရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့သည့် တက္ကသိုလ်လည်းဖြစ်ကြောင်း၊ တက္ကသိုလ်ကို အင်ဂျင်နီယာဌာနခွဲ၊ ရူပဗေဒဌာနခွဲနှင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဌာနခွဲဟူ၍ ဌာနခွဲကြီးသုံးခုဖြင့် ဖွဲ့စည်းထား**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Peterhof (နွေရာသီနန်းတော်)၌ ကြည့်ရှုလေ့လာစဉ်။

☆ စာမျက်နှာ ၃ မှ

လေယာဉ်တို့မှရရှိသည့် အချက်အလက်များအပေါ် မူတည်၍ 3D တွက်ချက်ခြင်း၊ Drawing ရေးဆွဲခြင်းများ၊ အာကာသဆိုင်ရာတွက်ချက်ခြင်း၊ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းများ အပါအဝင် အခြားတွက်ချက်မှုမှန်သမျှကို လုပ်ဆောင်နိုင်သည့် အခြေအနေများနှင့် သတ္တုထုတ်လုပ်မှုအလုပ်ရုံတို့ လုပ်ဆောင်နိုင်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

**နိုဗယ်ဆုရှင်များစွာ မွေးထုတ်ပေး**

အဆိုပါ St. Petersburg Polytechnic State University သည် ရုရှားနည်းပညာဆိုင်ရာတက္ကသိုလ်တစ်ခုဖြစ်ပြီး Peter the Great Polytechnic Institute သို့မဟုတ် Kalinin Polytechnic Institute ဟုလည်း ခေါ်ဝေါ်ကြကြောင်း၊ ၁၈၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုဗယ်ဆုရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့သည့်တက္ကသိုလ်လည်း ဖြစ်ကြောင်း၊ တက္ကသိုလ်ကို အင်ဂျင်နီယာဌာနခွဲ၊ ရူပဗေဒဌာနခွဲနှင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဌာနခွဲဟူ၍ ဌာနခွဲကြီးသုံးခုဖြင့် ဖွဲ့စည်းထားကြောင်း၊ အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် အခြားသော CIS အဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသားများ အပါအဝင် ကျောင်းသားဦးရေ စုစုပေါင်း ၃၀၀၀၀ ကျော်ခန့် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Peterhof Express ဆိပ်ကမ်းမှ တစ်ဆင့် Peterhof (နွေရာသီနန်းတော်)သို့ Hydrofoil အမြန်ရေယာဉ်ဖြင့် ရေလမ်းကြောင်းအတိုင်း စီးနင်းရောက်ရှိကြရာ Peterhof (နွေရာသီနန်းတော်)မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နွေရာသီနန်းတော်အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

**၁၀ နှစ်တိတိဆောက်လုပ်ခဲ့**

အဆိုပါရုရှားနိုင်ငံ၏အထင်ကရအဆောက်အအုံများတွင် တစ်ခုအပါအဝင်ဖြစ်သည့် Peterhof နန်းတော်ကို ရုရှားဘာသာဖြင့် **(ပျယ်ကျဲရ်ဂိုဖ်)**ဟု ခေါ်ဆိုကြောင်း၊ ဖင်လန်ပင်လယ်ကွေ့တွင် တည်ရှိသည့် ဤနန်းတော်ကြီးကို စိန့်ပီတာစဘတ် မြို့တော်ကို တည်ခဲ့သည့် ဘုရင်ကြီး ပီတာက ဆောက်လုပ်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဆွီဒင်နိုင်ငံနှင့် ရုရှားနိုင်ငံအကြားစစ်ပွဲတွင် ရုရှားက အနိုင်ရရှိပြီးနောက် ရုရှားနိုင်ငံ၏ အင်အားကြီးမားကြောင်းကို ပြသရန်အတွက် လှပခမ်းနားသည့် ထိုနန်းတော်ကြီးကို အချိန် ၁၀ နှစ်တိတိ ဆောက်လုပ်ခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် သမိုင်းဝင်နေရာတစ်ခုအဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုခဲ့ကြောင်း၊ ရေပန်းရုပ်တုများနှင့် ရေပန်းပေါင်း ၁၇၃ ခုရှိပြီး ရွှေရောင်ရုပ်တုကြီးများကို အသက်ဝင်လှပအောင် ထုလုပ်ထားကြောင်း၊ ဘုရင်ကြီး ပီတာအနေဖြင့် နန်းတော်ကြီးကို နွေရာသီသုံး နန်းတော်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ပြီး ပင်လယ်မှ နန်းတော်အထိ တိုက်ရိုက်တူးမြောင်းဖောက်စေ၍ ရေကို နန်းတော်အခြေအထိ စီးဝင်လာစေပြီးနောက် နန်းတော်ရှေ့ ကြာကန်မှတစ်ဆင့် ရေပန်းဖြစ်စေရန် စနစ်တကျ ဖောက်လုပ်ထားကြောင်း၊ ရေပန်းမှ ဖြာထွက်သည့် ရေကို ကြာကန်ထဲသို့ ကျစေပြီး ထိုမှတစ်ဆင့် ဘေးပတ်ဝန်းကျင်ရှိ ဥယျာဉ်၊ ပန်းခြံတို့ကို ဖြတ်၍ ပင်လယ်ထဲသို့ ပြန်လည်စီးဝင်သွားစေရန် အသေးစိတ် စနစ်တကျ ပြုလုပ်ထားသည်ကို ကြည့်ခြင်းအားဖြင့် ရုရှားတို့၏ ထူးခြားပြီး အဆင့်မီသည့် ဗိသုကာအစွမ်းကို ခန့်မှန်းရနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်ကို အများအပြားခံရပြီး နန်းတော်အဆောက်အအုံနှင့် ပန်းခြံအစိတ်အပိုင်းအများအစု မီးလောင်ပျက်စီးခဲ့ပြီး ရေပန်းများနှင့် ဗိသုကာလက်ရာများလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့နောက် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ၁၉၄၅ ခုနှစ်တွင် အများပြည်သူများ လည်ပတ်ရန် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် နန်းတော်နှင့် ပန်းခြံအတွင်းရှိ ရေပန်းများကို အပြည့်အဝပြန်လည်ပြင်ဆင်ခဲ့ပြီး ယနေ့ထက်တိုင် ပိုမိုကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်းနှင့် ဆောင်းရာသီနှင့် ကျန်ရာသီများတွင် ရေပန်းများကို ပိတ်ထားလေ့ရှိပြီး နွေရာသီရောက်မှသာလျှင် ဖွင့်လှစ်ပြသလေ့ရှိကြောင်း သိရှိရသည်။

**လေ့လာကြည့်ရှု**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများနှင့်အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီး အရာရှိများသည်လည်း စိန့်ပီတာစဘတ်မြို့ရှိ ပါလီမန်အဆောက်အအုံ၊ Onegin ပန်းချီအရောင်းဆိုင်နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုကြရာ သက်ဆိုင်ရာနေရာများအလိုက်မှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီး အရာရှိများ စိန့်ပီတာစဘတ်မြို့ရှိ အထင်ကရနေရာအား ကြည့်ရှုလေ့လာပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

- ☆ **ရုရှားနိုင်ငံ၏ အထင်ကရအဆောက်အအုံများတွင် တစ်ခုအပါအဝင်ဖြစ်သည့် Peterhof နန်းတော်ကို ရုရှားဘာသာဖြင့် (ပျယ်ကျဲရ်ဂိုဖ်) ဟု ခေါ်ဆို**
- ☆ **ဖင်လန်ပင်လယ်ကွေ့တွင် တည်ရှိသည့် ဤနန်းတော်ကြီးကို စိန့်ပီတာစဘတ်မြို့တော်ကို တည်ခဲ့သည့် ဘုရင်ကြီးပီတာက ဆောက်လုပ်စေခဲ့ခြင်းဖြစ်**
- ☆ **ဆွီဒင်နိုင်ငံနှင့် ရုရှားနိုင်ငံအကြား စစ်ပွဲတွင် ရုရှားက အနိုင်ရရှိပြီးနောက် ရုရှားနိုင်ငံ၏ အင်အားကြီးမားကြောင်းကို ပြသရန်အတွက် လှပခမ်းနားသည့် ထိုနန်းတော်ကြီးကို အချိန် ၁၀ နှစ်တိတိ ဆောက်လုပ်ခဲ့**
- ☆ **၁၉၉၀ ပြည့်နှစ်တွင် သမိုင်းဝင်နေရာတစ်ခုအဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုခဲ့ကြောင်း၊ ရေပန်းရုပ်တုများနှင့် ရေပန်းပေါင်း ၁၇၃ ခုရှိပြီး ရွှေရောင်ရုပ်တုကြီးများကို အသက်ဝင်လှပအောင် ထုလုပ်ထား**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲ Mr.Alexander Beglov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင် ၁၄ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲ Mr.Alexander Beglov နှင့် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင် မန်းငြိမ်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်တို့ တက်ရောက်ကြပြီး စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲနှင့်အတူ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ ကြိုဆိုကြောင်းနှင့် ရုရှား-မြန်မာ နှစ်နိုင်ငံ ကောင်းမွန်သည့်ဆက်ဆံရေးသမိုင်းကြောင်းသည် နှစ်ပေါင်း ၇၅ နှစ်ကျော်ရှိပြီဖြစ်သည့် အခြေအနေ၊ စိန့်ပီတာစဘတ်မြို့ အခြေစိုက်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်လိုသည့် အခြေအနေများအပြင် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်၊ ပညာရေးနယ်ပယ်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်၊ ဘာသာ သာသနာ ထွန်းကားပြန့်ပွားရေးအတွက် ယဉ်ကျေးမှုဖလှယ်ရေးရာနယ်ပယ် စသည်ဖြင့် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်အပြင် ကောင်းမွန်သည့်မူဝါဒများချမှတ်၍ နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေ၊ ဇူလိုင် ၁ ရက်တွင် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသားများကို မိတ်ဆွေရင်းနိုင်ငံပီသစွာ ဗီဇာကင်းလွတ်ခွင့်ပေးခဲ့သည့်အတွက် ရုရှားဖက်ဒရေးရှင်း နိုင်ငံသားများအားလုံးကိုယ်စား ကျေးဇူးတင်ရှိသည့် အခြေအနေ၊ စိန့်ပီတာစဘတ်မြို့တွင် မြန်မာနိုင်ငံဆိုင်ရာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေ၊ state level၊ regional level ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးခွန်းများကို အတူတကွ ဖြေကြားခဲ့ကြသည်။

ထို့နောက် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ အကြီးအကဲက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အစိုးရအဖွဲ့ရုံးအတွင်း လှည့်လည်ပြသ၍ နိုင်ငံ့ခေါင်းဆောင်များ ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ရုံးခန်းများနှင့် ရုံးဖွဲ့စည်းဆောင်ရွက်မှုများအား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ရုံးအတွင်း ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲ Mr.Alexander Beglov အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan ရှိ PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံနှင့် HIMGRAD Industrial Complex တို့သို့ သွားရောက်လေ့လာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင် ၁၃ ရက်တွင် Republic of the Tatarstan၊ ကာဇန်မြို့ရှိ Kazan Aircraft Production Association နှင့် HIMGRAD Industrial Complex တို့သို့ သွားရောက်လေ့လာကြည့်ရှုသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ Mr. Vladimir Ginsburg နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ရဟတ်ယာဉ် ထုတ်လုပ်မှု အဆင့်ဆင့်အား လိုက်လံရှင်းလင်း ပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Simulator ဖြင့် ရဟတ်ယာဉ် စမ်းသပ်မောင်းနှင်ခန်းသို့ ရောက်ရှိလေ့လာပြီး ကိုယ်တိုင်စမ်းသပ်မောင်းနှင်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံ မန်နေဂျင်းဒါရိုက်တာတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။

## ရဟတ်ယာဉ်ပေါင်း ၁၂၀၀၀ ကျော် ထုတ်လုပ်

အဆိုပါ PJSC “Kazan Heli–copters”ထုတ်လုပ်ရေး အလုပ်ရုံသည် ၁၉၄၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး Rostec Cooperation မှ ပိုင်ဆိုင်သည့် Russian Helicopters ကုမ္ပဏီ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ယနေ့အချိန်ကာလအထိ Mi–4၊ Mi–8၊ Mi–14၊ Mi–17 နှင့် Ansat အမျိုးအစား ရဟတ်ယာဉ်ပေါင်း ၁၂၀၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး နိုင်ငံပေါင်း ၁၀၀ သို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ Kazan ရဟတ်ယာဉ် ထုတ်လုပ်ရေးအလုပ်ရုံသည် ၂၀၀၇ ခုနှစ်တွင် အဓိက ရှယ်ယာရှင်ဖြစ်လာမည့် Russian Helicopters ဖက်စပ်ကုမ္ပဏီသို့ ဝင်ရောက်ခဲ့ပြီး Mi–38 အလတ်စားဘက်စုံသုံး ရဟတ်ယာဉ်အတွက် ရှေ့ပြေးတည်ဆောက်ခြင်းနှင့် အများအပြား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၁၉၄၅ ခုနှစ်မှ စတင်ကာ ၂၀၂၀ ပြည့်နှစ်အထိ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်ပေါင်း ၂၇ ခုကျော်ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် HIMGRAD Industrial Complex သို့ ရောက်ရှိကြရာ အထွေထွေဒါရိုက်တာ Airat Mansurovich က Complex အတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ရှင်းလင်းပြောကြားမှုများနှင့် ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား HIMGRAD Industrial Complex အတွင်း လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ကုန်ကြမ်းပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ဆေးပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ လျှပ်စစ်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာနှင့် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်း အမျိုးမျိုးကို ထုတ်လုပ်နေမှု၊ ဖြန့်ဖြူးမှုတို့နှင့် ပတ်သက်၍ လုပ်ငန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

**စာမျက်နှာ ၇ သို့ »»»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Simulator ဖြင့် ရဟတ်ယာဉ် စမ်းသပ်မောင်းနှင်ခန်းသို့ ရောက်ရှိလေ့လာပြီး ကိုယ်တိုင်စမ်းသပ်မောင်းနှင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ HIMGRAD Industrial Complex တွင် ကြည့်ရှုလေ့လာကြစဉ်။

## စစ်အင်အားတောင့်တင်းမှ ကမ္ဘာ့လူရာဝင်နိုင်

**စစ်အင်အားတောင့်တင်းမှ ကမ္ဘာ့လူရာဝင်နိုင်သည်ကို ရှင်းပြနေရန်ပင်လိုမည် မထင်ကြောင်း။ လက်နက်အင်အား၊ စစ်မက်အင်အား၊ နိုင်ငံရေးအား၊ ကြီးပွားရေး အားများ အရေးကြီးကြောင်း။ အရင်းခံမှာ စစ်မက်အင်အား၊ နိုင်ငံရေးအားများ ဖြစ်ကြောင်း။**

( ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ ပုသိမ်မြို့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



»»» **စာမျက်နှာ ၆ မှ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးလုပ်ငန်းများတွင်အသုံးပြုသည့် UAV ထုတ်လုပ်ရေး အလုပ်ရုံ၊ စစ်ဘက်သုံး သယ်ယူပို့ဆောင်ရေးနှင့် စစ်မြေပြင်သုံး ကျည်ကာ ပို့ဆောင်ရေးယာဉ်၊ အင်ဂျင်များ ထုတ်လုပ်ထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မော်တော်ယာဉ် ထုတ်လုပ်ရေး လုပ်ငန်းမှ အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာ ထုတ်လုပ်သည့် Organic plant သို့ ရောက်ရှိလေ့လာခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာတာစတန်ပြည်နယ် ကာဇန်မြို့ ကာဇန်လေဆိပ်မှ တစ်ဆင့် စိန့်ပီတာစဘတ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ တာတာစတန်ပြည်နယ်မှ တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်းနှင့် စိန့်ပီတာစဘတ်မြို့ ပူကောဗာ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များအား ပူကောဗာ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သို့ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် လဟယ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး တပ်နယ်မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လဟယ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး Booster Dose ထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် လဟယ်မြို့ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုပြတိုက်၌ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက နာဂဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဒေသခံတိုင်းရင်းသားများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လဟယ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း သင်တန်းခန်းမ၌ ပြုလုပ်သည့် ဒေသအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးနေမင်းသူက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်တင်ပြသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဌာနဆိုင်ရာဝန်ထမ်းများအား ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ သင်တန်းခန်းမရှိ သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ဘုန်းတော်ကြီးကျောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်း(လဟယ်)သို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က လည်းကောင်း၊ ပထမဆုရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်ကလည်းကောင်း။

**ဆုများချီးမြှင့်**

အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မွန်ပြည်နယ်အသင်းနှင့် တတိယဆုရရှိခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်ကလည်းကောင်း၊ ပထမဆုရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားသုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နေပြည်တော်ကောင်စီ နယ်မြေအသင်း၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကိုပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်ကလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းနှင့် တတိယဆုရရှိသည့် နေပြည်တော်ကောင်စီနယ်မြေအသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

**ငွေသားဆုများ ချီးမြှင့်**

ယင်းနောက် အမျိုးသားသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် နေပြည်တော်ကောင်စီနယ်မြေ အသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးကလည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်ကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားတံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးသွားသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာကလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က လည်းကောင်း၊ စုပေါင်းတံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးသွားသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်ကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၅ရက်မှ၁၅ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမား ၃၆၈ ဦးတို့သည် အမျိုးသားနှစ်ယောက်တွဲ၊ သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ၊ သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ကျင်းပမည့်ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပန်းခင်းစီမံချက်အဆင့်(၂)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးဦးခင်ရီက နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရွေးကောက်ပွဲကော်မရှင်အပါအဝင် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲတွင် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ထုတ်ပေးခြင်း လုပ်ငန်းကိုလည်း ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လတာသတ်မှတ်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ပေးရမည့် အရေအတွက် လျာထားသတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု ၁၅ လကြာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ် ကိုးခုသည် တိုင်းလုံးကျွတ် လျာထားချက် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသည်လည်း လုံခြုံရေးကန့်သတ်ချက် အရ နေရာဒေသအနည်းငယ်သာ ဆောင်ရွက်ပေးရန် ကျန်ရှိနေခြင်းဖြစ်ကြောင်း၊ ယခုထပ်မံ၍ ပန်းခင်းစီမံချက်အဆင့်(၂)ကို ဆက်လက်ဆောင်ရွက်သွားမည်





ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၁၇ လကြာ သတ်မှတ်၍ ယင်းကာလအတွင်း အသက်(၁၈)နှစ်ပြည့်လာမည့်သူ နိုင်ငံသားများအတွက် လျာထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပန်းခင်းစီမံချက်သည် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်နှင့်ဆက်စပ်ဌာနများ ပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာန၏ နိုင်ငံသားကတ်ထုတ်ပေးမှုနှင့် အိမ်ထောင်စုလူဦးရေစာရင်းသည် အဓိကကျသည့် အထောက်အထား၊ အချက်အလက်များဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ဌာန၊ မြို့နယ်ရုံးများရှိ နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ်(နိုင်-၄) မှတ်တမ်းနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ(၆၆/၆)ပါ အချက်အလက်များကို ကွန်ပျူတာများဖြင့် ဖြည့်သွင်းကာ နေပြည်တော်ရုံးချုပ်ရှိ Server သို့ ပေးပို့ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအချက်အလက်များအပေါ်မူတည်၍ ရွေးကောက်ပွဲကော်မရှင်နှင့်ပူးပေါင်းကာ မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးကာ မှန်ကန်သည့်မဲစာရင်းကို ပြုစုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားနံပါတ်များထပ်ခြင်း၊ မှားခြင်း၊ အိမ်ထောင်စုစာရင်းများ ကွဲလွဲနေခြင်းတို့အား ဌာန၏လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပြီး လုပ်ငန်းအားလုံးသည် သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မိမိတို့ဌာန၏ ပန်းခင်းစီမံချက်ဆောင်ရွက်ခြင်း၊ နိုင်-၄ မှတ်တမ်းနှင့် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) များကို နည်းပညာဖြင့် ဖြည့်သွင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများသည် နိုင်ငံတော်၏ အနာဂတ်အတွက် မဲစာရင်းမှန်ကန်ရေး၊ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးတို့အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် နိုင်ငံတော်စီမံချက်များဖြစ်သည်နှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသူအားလုံးက လုပ်ငန်း၏အရေးပါမှုကို သိရှိနားလည်ထားကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

**ဖြည့်စွက်ရှင်းလင်းဆွေးနွေး**

ထို့နောက် အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းက မြို့နယ်ရုံးအသီးသီးမှ နိုင်ငံသားကတ်ပြားထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ်(နိုင်-၄) မှတ်တမ်းပါ အချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ပါ အချက်အလက်များ ပေးပို့ပြီးစီးမှုနှင့် e-ID စနစ်လုပ်ငန်း ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လုပ်ငန်းဆိုင်ရာ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ ဒေါက်တာမျိုးသန့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ ခုနှစ် ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ ခုနှစ် ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။



## ပိုမိုမြှင့်တင်ပျိုးထောင်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံတော်အနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအားကောင်းလာစေရေးအတွက် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းမိသားစုများအနေဖြင့်လည်း မိမိတို့မျိုးဆက်များ ပညာရည်ထူးချွန်ပြီး ဘက်စုံဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်ရေးတို့အတွက် ပိုမိုမြှင့်တင်ပျိုးထောင်ပေးကြရန်လိုကြောင်း၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မိမိတို့ဝန်ကြီးဌာန ဝန်ထမ်းသားသမီး စုစုပေါင်း ၁၀၁၉ ဦး အောင်မြင်ခဲ့ကြပြီး ဝိပ္ပဘာသာတွဲဖြင့် တစ်နိုင်ငံလုံး၌ ဒုတိယဆုရရှိခဲ့သူ တစ်ဦး၊ သိပ္ပံဘာသာတွဲ ဆဋ္ဌမဆုရရှိသူတစ်ဦးအပါအဝင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၉ ဦး၊ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၃ ဦး၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ၃၂ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၅၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၆ ဦးကို ယနေ့အခမ်းအနားတွင် ထူးချွန်ဂုဏ်ပြုဆုများ ချီးမြှင့်သွားမည်ဖြစ်သကဲ့သို့ နှစ်ဘာသာနှင့်အောက် ထူးချွန်သူများကိုလည်း သက်ဆိုင်ရာ ဦးစီးဌာနများအလိုက် ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ဆဲပုဂ္ဂိုလ်နှစ်ဦးက စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူ (ဦးအုံးဖေ)စာပေဆုများရရှိခဲ့ကြသကဲ့သို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်သင်တန်းများတွင် သင်တန်းထူးချွန်ဆုရရှိသူ ကိုးဦးတို့က မိမိဝန်ကြီးဌာနအတွက် ဂုဏ်ဆောင်နိုင်ခဲ့ကြသဖြင့် ယနေ့အခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

## ဂုဏ်ပြုဆုများချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိပ္ပဘာသာတွဲဖြင့် တစ်နိုင်ငံလုံး၌ ဒုတိယဆုရရှိခဲ့သူ မောင်ခန့်တေဇာနှင့် သိပ္ပံဘာသာတွဲ ဆဋ္ဌမဆုရရှိသူ မထက်ရတီဝင်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် စာပေဗိမာန် စာမူဆုနှင့် ပခုက္ကူ (ဦးအုံးဖေ) စာပေဆုများရရှိခဲ့သူနှစ်ဦးနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်သင်တန်းများတွင် ထူးချွန်ဆုရခဲ့ကြသော ဝန်ထမ်းကိုးဦးတို့ကို ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲတွင် စာပေဗိမာန် စာမူဆုနှင့် ပခုက္ကူ (ဦးအုံးဖေ)စာပေဆုများရရှိခဲ့သူ စာရေးဆရာ မောင်အောင် (ဒေါက်တာအောင်ကြီး-ဒုတိယဝန်ကြီး)က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်နှင့် မိတ္ထီလာမြို့ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများ၏လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများကိုကြည့်ရှုစစ်ဆေးသည်။

## မှာကြား

ရှေးဦးစွာပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့ မြန်မာ့မီးရထားရိပ်သာ၌ ပြင်ဦးလွင်တပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဇီးပင်ကြီး-ပြင်ဦးလွင်-နောင်ချို-ဂုတ်ထိပ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုဆောင်ရွက်နေသည့်လုပ်ငန်းများ ထိရောက်စွာပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ချက်များကို မှာကြားသည်။ ယင်းနောက် အဆိုပါလမ်းပိုင်း၌ တာဝန်ထမ်းဆောင်နေကြသည့် အင်ဂျင်နီယာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများ စနစ်တကျရှိရေး၊ စံချိန်မီအရည်အသွေးကောင်းမွန်ရေး၊ ဌာနပိုင်သံလမ်း၊ ဇလီဖားတုံးနှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းအသုံးပြုစေရေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ (၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် နိုင်ငံတော်၏ ပို့ဆောင်၊ ဆက်သွယ်မှုကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ကြီးဌာနလက်အောက် အရာထမ်း၊ အမှုထမ်းများကို စိတ်ဓာတ်၊ စည်းကမ်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသည့် အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးနေသည့် သင်တန်းကျောင်းတစ်ခုဖြစ်ပါကြောင်း၊ လက်ရှိအချိန်အထိ သင်တန်းသားအရာထမ်း ၆၃၈ ဦး၊ အမှုထမ်း ၃၈၇၄၄ ဦး စုစုပေါင်း ၃၉၃၈၂ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းသားဝန်ထမ်းများကို အတတ်ပညာ၊ အသိပညာများ စနစ်တကျသင်ကြားပေးရေး၊ ဝန်ထမ်းကောင်းတစ်ဦး စောင့်ထိန်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်း၊ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ရေးအတွက် လေ့ကျင့်ပေးရေး၊ ပြည်သူအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်လာစေရေးတို့ကို အဓိကထား၍ လေ့ကျင့်သင်ကြားပေးသွားရန်ဖြစ်ကြောင်း မှာကြားသည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး သင်တန်းကျောင်း၏ တူညီဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။ ထို့အတူ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဌာန၏ သန့်ရှင်းရေးဆု၊ စိုက်ပျိုးရေးဆု၊ သင်တန်းထူးချွန်ဆုရရှိသည့်ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့်မိသားစုများကို စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းအတွင်းသရုပ်ပြဆောင်များရှိ သင်ထောက်ကူပစ္စည်းများ ထားရှိအသုံးချနိုင်မှု၊ နှစ်ရှည်ပင်များနှင့် ရာသီသီးနှံစိုက်ခင်း စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ တိုင်းတာရေးစခန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်စီမံကိန်းဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲတို့၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး ဌာနအလိုက်ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အလုပ်သင်ဆရာဝန် (၇/၂၀၂၂) သင်တန်းဖွင့်ပွဲနှင့် အလုပ်သင်ဆရာဝန် ကြိုဆိုပွဲပြုလုပ်

မန္တလေး ဇူလိုင် ၁၅

အလုပ်သင်ဆရာဝန်(၇/၂၀၂၂) Orientation Course for House Officers သင်တန်းဖွင့်ပွဲနှင့် အလုပ်သင်ဆရာဝန်ကြိုဆိုပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဆေးတက္ကသိုလ်(မန္တလေး) ၌ ကျင်းပသည်။

## ဆွေးနွေးပြောကြား

ရှေးဦးစွာ ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးသက်တင်က အမှာစကားပြောကြား၍ ခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး၊ သားဖွားမီးယပ်ပညာဌာန ပါမောက္ခ/ဌာနမှူး၊ ဆေးပညာဌာန ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာဌာန တွဲဖက်ပါမောက္ခတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အလုပ်သင်ဆရာဝန်များ လိုက်နာရမည့် ဆောင်ရန်/ရှောင်ရန်ကိစ္စများ၊ ကြိုတင်သိထားသင့်သည်များကို ဆွေးနွေးပြောကြားသည်။

နောက်ဆုံးနှစ်အပိုင်း(ခ)စာမေးပွဲအောင်မြင်ခဲ့ကြသူများသည် ဇူလိုင် ၁၈ ရက်မှ စတင်၍ ဆေးတက္ကသိုလ်၏ သင်ကြားရေးဆေးရုံကြီးများတွင် အလုပ်သင်ဆရာဝန်အဖြစ် လေ့ကျင့်တာဝန် ထမ်းဆောင်ကြရမည်ဖြစ်ရာ လူနာများနှင့် တိုက်ရိုက်မထိတွေ့မီ ပုံတူပြုလေ့ကျင့်သင်ကြားခြင်းစနစ်ဖြင့် စုပေါင်းသင်ကြားခြင်း (Common Module)ကို Skill Lab ခန်း၌ ဇူလိုင် ၁၃ နှင့် ၁၄ ရက်တို့တွင် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဆောင်းပါး

# မမေ့တဲ့နိုင် တစ်ဆယ့်ကိုး ဇူလိုင်မှသည် အနာဂတ်နိုင်ငံတော်သစ်ဆီသို့ . . .

ဦးအောင်

၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် (၇၅)နှစ်မြောက် စိန်ရတုအာဇာနည်နေ့ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများကျဆုံးခဲ့သည်။ နှစ်ပေါင်း ၇၅ နှစ် (ဆယ်စုနှစ် ခုနစ်ခုကျော်) ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မြန်မာပြည်သူပြည်သားအားလုံးအဖို့ ထိုဆိုးရွားအကျည်းတန်အရုပ်ဆိုးလှသောဖြစ်ရပ်ကို မမေ့မပျောက်နိုင်ဘဲ အမှတ်ထင်ထင်ရှိနေဆဲပင်ဖြစ်သကဲ့သို့ ပြည်သူချစ်သောသူရဲကောင်းအာဇာနည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများ၏ စွမ်းဆောင်မှုများနှင့် မမေ့နိုင်ဖွယ်ရာပုံရိပ်များမှာလည်း မြန်မာပြည်သူပြည်သားအားလုံး၏ နှလုံးသားကြေးမုံပြင်တွင် ထင်ဟပ်နေဆဲဖြစ်သည်။



### မြန်မာ့အမျိုးသားအာဇာနည်

ဒုလ္လဘော၊ ပုရိသဇညော၊ နသော သဗ္ဗတ္ထ ဇာယတိယတ္ထသော ဇာယတိ၊ တံ ကုလံ သုခ မေဓတိ။

(ဓမ္မပဒ ပါဠိ ဗုဒ္ဓဝဂ်)

လူယောကျ်ားအာဇာနည်ဟူသည် လွန်စွာဖြစ်ခဲ၊ ရခဲလှ၏။ အမြော်အမြင်ဉာဏ်နှင့်ပြည့်စုံသော ထိုအာဇာနည်ယောကျ်ားမျိုးသည် အကြင်သို့သောတိုင်းနိုင်ငံ၊ အကြင်သို့သော အရပ်ဒေသ၊ အကြင်သို့သောလူမျိုး၌ တစ်ရံတစ်ဆစ်ဖြစ်ထွန်းလာသည်ဖြစ်လေအံ့။ ထိုနိုင်ငံ၊ ထိုအရပ်ဒေသ၊ ထိုလူမျိုးသည် ချမ်းသာခြင်းရှိသည်ဖြစ်၍ ကြီးပွားလေ၏ဟူ၍ (ဓမ္မပဒပါဠိ ဗုဒ္ဓဝဂ်)တွင် ဖော်ပြထားသည်နှင့်အညီ အကျွန်ုပ်တို့မြန်မာပြည်တွင် အာဇာနည်ယောကျ်ား အလွန်ထင်ရှားသည့်ပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့သည်။

မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများသည် ထိုထိုယောကျ်ားအာဇာနည်ကြီးများဖြစ်ကြသည်။ ထိုအာဇာနည်များမှာ ၂၀ ရာစုနှစ်တွင် ပေါ်ပေါက်ခဲ့သော ထူးခြားသည့်ပုဂ္ဂိုလ်ကြီးဖြစ်ပြီး ၎င်းကဲ့သို့သော တကယ့်အာဇာနည်မြောက်သည့်ပုဂ္ဂိုလ်ကား မ တစ်ထောင် တစ်ကောင်ဘွား၊ ဇမ္ဗူတစ်လူ ရှာမှရှားသည့် မြန်မာအမျိုးသားဟုဆိုရပါမည်။ ငွေ၊ ရာထူး၊ ဘွဲ့ဂုဏ်သိမ်တို့ကို မက်မောခြင်း အလျင်းမရှိ၊ မတရားမှုတို့ကို ခေါင်းငုံ့မခံ၊ မဟုတ်မမှန်သည်တို့ကို အရှင်းမလုပ်၊ တိုင်းပြည်နှင့် လူမျိုးအများအကျိုးအတွက်ဆိုလျှင် အသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးတတ်သည့် ပုဂ္ဂိုလ်မျိုးဖြစ်၍ မြန်မာ့အမျိုးသားအာဇာနည်အဖြစ် ခေါ်ဆိုထိုက်၊ အသိအမှတ်ပြုထိုက်သည့် ပုဂ္ဂိုလ်မျိုးဖြစ်သည်။

ဗိုလ်ချုပ်သည် ပြည်ထောင်စုအမှတ်လက္ခဏာ အပြည့်အဝရှိသော ပြည်ထောင်စုတစ်ဝန်းလုံးကို ကိုယ်စားပြုသော အထင်ကရပုဂ္ဂိုလ်တစ်ဦးအဖြစ် သမိုင်းတွင် အသိအမှတ်ပြုခံရခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားခေါင်းဆောင်အမည်နာမကို ခံယူထိုက်သောပုဂ္ဂိုလ်သည် ၎င်းတစ်ဦးတည်းသာ ရှိသည်ဟုဆိုရမည်ဖြစ်သည်။

အာဇာနည်ဆိုသည်မှာ သူတကာ မပြုနိုင်ခဲ့သည်ကို ပြုချင်သူ၊ ပြုနိုင်သူ၊ ပြုတတ်သူ၊ ပြုရဲသူကို အာဇာနည်ဟု ခေါ်သည်။ ဗိုလ်ချုပ်နှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများသည် ထိုကဲ့သို့သောပုဂ္ဂိုလ်များဖြစ်ကြသည်။

### ဗိုလ်ချုပ်၏အတ္ထုပ္ပတ္တိအကျဉ်း

၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ်အလောင်းအလျာ အောင်ဆန်းလေးကို နတ်မောက်မြို့၌ မွေးဖွားခဲ့သည်။ အခြားသူများကဲ့သို့ပင် သာမန်မွေးဖွားခဲ့သော်လည်း ၎င်းသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၏ လိုအပ်ချက်အရ ပေါ်ပေါက်လာသော အမျိုးသားခေါင်းဆောင်တာဝန်ကို ထမ်းဆောင်မည့်သူဖြစ်သည်။

တောက်မည့်မီးခဲ ရဲရဲဆိုသည့်အတိုင်း ငယ်စဉ်ကတည်းက အမှန်တရားကိုကြိုက်သည်။ မတရားသည်ကို မကြိုက်၊ လိမ်ညာသည်ကိုမကြိုက်၊ တစ်ခုခုလုပ်လျှင် အောင်မြင်သည်အထိ မလျှော့သော ဇွဲသတ္တိဖြင့် ဆောင်ရွက်တတ်သည်။ ကျောင်းသားအရွယ်တွင် စာတော်သည်။ စာကြိုးစားသည်။ သတ္တမတန်းတွင် အစိုးရပညာတော်သင်နှင့် ဦးစိန်ခိုဆုရခဲ့သည်။ ဆယ်တန်းကို မြန်မာစာနှင့် ပါဠိဘာသာဂုဏ်ထူးတို့နှင့် အောင်မြင်သည်။

တက္ကသိုလ် ကျောင်းသားဘဝ အသက်(၁၈-၁၉)နှစ် အရွယ်ကပင် ကျောင်းသား(နိုင်ငံရေး) လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။

### ဂုဏ်ထူးဝိသေသများနှင့် ပင်ကိုအရည်အချင်းများ

အာဇာနည် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် ဂုဏ်ထူးဝိသေသများမှာ ရေးဖွဲ့၍ကုန်နိုင်မည်မဟုတ်ပါ။ အကျဉ်းချုံးဖော်ပြရသော် ဗိုလ်ချုပ်သည် တည်ကြည်ဖြောင့်မတ်သည်၊ ရိုးသားဖြူစင်သည်၊ အနစ်နာခံသည်၊ ကိုယ်ကျိုးစွန့်သည်၊ ခြိုးခြံချွေတာသည်၊ အများအကျိုးကို ရှေးရှုသည်၊ သူရဲကောင်းစိတ်၊ မျိုးချစ်စိတ်ရှိသည်၊ တိုင်းပြည်လွတ်လပ်ရေးရဖို့ တစ်ခုတည်းကိုသာ အာရုံစိုက်သည်၊ ကြိုးစားသည်၊ ဖွဲလုံ့လရှိသည်၊ သည်းခံသည်၊ မေတ္တာတရား၊ သစ္စာတရားရှိသည်၊ စည်းရုံးနိုင်သည်၊ ခေါင်းဆောင်မှုပေးနိုင်သည်၊ ကတိတည်သည်၊ မနာလိုစိတ်မရှိ၊ မုန်းစိတ်မထား၊ ဂိုဏ်းဂဏစိတ်မရှိ၊ ပြည်သူ့ဘဏ္ဍာကို တစ်ပြားတစ်ချပ်မျှ မခိုး၊ ဝတ်စုံလေးစုံနှင့်သာနေသည်၊ စက်ဘီးမစီး၊ စက်ဘီးမစီးတတ်သည်ကို မရှက်မကြောက်၊ လမ်းလျှောက်သည်။ ရုပ်ရှင်ကို ငါးမူးတန်းမှ ကြည့်သည်။ တာဝန်ထမ်းဆောင်သော ရဲဘော်ကို ဗျူရိုကရက်တစ်ယောက်ကဲ့သို့ မမာန်မဲ၊ ချီးကျူးသည် စသည်တို့ကြောင့် ယနေ့ထိတိုင် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာ၊ လူထုခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်၊ တပ်မတော်၏ဖခင်အဖြစ် လူတိုင်းက ဂုဏ်ပြုလေးစားနေကြခြင်းဖြစ်သည်။

### ကမ္ဘာတည်သရွေ့

ဗိုလ်ချုပ် အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ကို အာဇာနည်နေ့ဟူ၍ နေ့ကြီးရက်ကြီးအဖြစ်သတ်မှတ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိပြည်သူများ လွမ်းဆွတ်တသ သတိတရဖြင့် ဦးညွှတ်အလေးပြုကြသည်။ ဤအာဇာနည်နေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် မမေ့ပျောက်ကောင်းသောနေ့တစ်နေ့ဖြစ်ပြီး ကမ္ဘာတည်သရွေ့ မပျောက်ကွယ်နိုင်သောနေ့တစ်နေ့ဖြစ်သည်။

အာဇာနည်နေ့ ရောက်တိုင်း ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ပြတိုက်ဖွင့်လှစ်ပြသခြင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်တွင် ဗိုလ်ချုပ်နှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုခြင်း၊ လွမ်းသူ့ပန်းခွေချခြင်း၊ အခမ်းအနားကို နိုင်ငံတော်က ကြီးမှူးကျင်းပခြင်း၊ တစ်နိုင်ငံလုံးရှိရုံးများ၊ ကျောင်းများ၊ အဆောက်အအုံများတွင် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူပြီး အာဇာနည်နေ့ အခမ်းအနားကျင်းပကြခြင်း၊ ရန်ကုန်မြို့ အာဇာနည်နေ့ အခမ်းအနားတွင် အာဇာနည်များ၏ မိသားစုဝင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံတမန်များ တက်ရောက်၍ လွမ်းသူ့ပန်းခွေချအလေးပြုခြင်း၊ အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးများ၊ ဓာတ်ပုံ၊ ပိုစတာပြိုင်ပွဲ စသည်တို့ကို တစ်နိုင်ငံလုံးရှိ မြို့တိုင်း နယ်တိုင်း၊ ကျောင်းတိုင်းတွင် ကျင်းပပြုလုပ်ပေးခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများကို ရည်စူး၍ ဆွမ်းကပ်ခြင်း၊ ရေစက်ချအမျှဝေခြင်းများပြုလုပ်ခြင်း၊ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥဩဆွဲကာ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြခြင်းတို့သည် အာဇာနည်နေ့ကျင်းပရခြင်း၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ပေးခြင်းဖြစ်သည်။

### ထာဝရငြိမ်းချမ်းရေး

မျက်မှောက်ကာလတွင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေသည့် ကျွန်ုပ်တို့နိုင်ငံတော်ကြီးအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်အောင်၊ နိုင်ငံတကာ (ကမ္ဘာ့) အလယ်တွင် ဝင့်ထည်စွာရပ်တည်နေနိုင်အောင် ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ အဆက်ဆက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်ကို ကဏ္ဍစုံ၊ ထောင့်စုံမှ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ပိုမိုသွက်လက်စွာလုပ်ဆောင်နိုင်ရန်အတွက် မျိုးချစ်စိတ်ဓာတ်ရှိသည့် တိုင်းသူပြည်သား ညီအစ်ကိုမောင်နှမများက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာဝိုင်းဝန်းကူညီ ပံ့ပိုးလုပ်ဆောင်ကြရန် အထူးလိုအပ်သည်။

စာမျက်နှာ ၁၁ သို့

❖ ယနေ့ဆိုလျှင် ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ (၇၅)နှစ် စိန်ရတုသို့ပင်ရောက်ရှိကာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး တင်းပြည့်ကျပ်ပြည့် မတည်ဆောက်နိုင်သေးသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။ ဗိုလ်ချုပ်သည် တိုင်းရင်းသားညီညွတ်ရေးကို တဖွဖွပြောခဲ့သည်။ ၎င်း၏ရင်ထဲမှ စိတ်ကူးအိပ်မက်သည် တိုင်းပြည်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာအောင်တည်ဆောက်သွားရန်ဖြစ်

❖ ဗိုလ်ချုပ်အား ကျေးဇူးဆပ်ရန်ဆိုလျှင် ဗိုလ်ချုပ်၏စိတ်ထား၊ ပြောဆိုပြုမူမှုများကို သတိရတမ်းတနေရုံဖြင့်သာမဟုတ်ဘဲ ဗိုလ်ချုပ်၏မျှော်မှန်းချက်အိပ်မက်ကို အကောင်အထည်ပေါ်အောင် လိုက်ပါဆောင်ရွက်ခြင်းသည်သာ

## (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူမည်

နေပြည်တော် ဇူလိုင် ၁၅

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ် အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥဩဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန ရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာန အဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှမော်တော်ယာဉ်ကိုကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသောမော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ/ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ/ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း/ မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၁၅

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းမှ သင်ကြားပေးခဲ့သည့် စာတွေ့၊ လက်တွေ့ အသိပညာများကို လုပ်ငန်းခွင်မှ အတွေ့အကြုံများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန်နှင့် ပိုမိုတိုးတက်သည့် အသိပညာ၊ နည်းပညာများရရှိစေရန် တစိုက်မတ်မတ် လေ့လာလုပ်ကိုင်ရင်း အရည်အသွေးတိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတအရင်းအမြစ်များသည် အရေးပါသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးခဲ့သည့် အသိပညာများကို ပြန်လည်အသုံးချပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်ခြင်းဖြင့် အမိနိုင်ငံတော်အတွက် အထောက်အကူဖြစ်ရုံသာမက နိုင်ငံတကာနှင့် ရင်ပေါင်တန်း အမှုထမ်းနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် လျှပ်စစ်အင်ဂျင်နီယာ၊ လျှပ်စစ်ကျွမ်းကျင်သူများ ဖြစ်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်း၌ ထူးချွန်ဆုရရှိခဲ့သည့် သင်တန်းသားသုံးဦးကို ဆုများချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခေတ်အဆက်ဆက်တွင် အသုံးပြုခဲ့သည့် လျှပ်စစ်စစ်ဆေးတိုင်းတာသည့်ကိရိယာများ၊ သင်တန်းသားများ လက်တွေ့ဆောင်ရွက်ထားရှိသည့် အိမ်တွင်းဝိုင်ယာသွယ်တန်းတပ်ဆင်ထားမှုများနှင့် လျှပ်စစ်ဓာတ်ခွဲခန်းတွင် လျှပ်စစ်ပစ္စည်းများစစ်ဆေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်နှင့်ပတ်သက်သည့် အခြေခံသဘောတရားများ၊ လျှပ်စစ်ဥပဒေ၊ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန်၊ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများတွင် ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်လာနိုင်စေရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ သင်တန်းသား ၄၅ ဦး တက်ရောက်ခဲ့သည်။

သတင်းစဉ်

## ဒဂုံတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Gifu University တို့အကြားMoU ရေးထိုး




ရန်ကုန် ဇူလိုင် ၁၅

ဒဂုံတက္ကသိုလ် သိပ္ပံဌာနများနှင့် ဂျပန်နိုင်ငံ Gifu University အင်ဂျင်နီယာမဟာဌာနကြီးအောက်ရှိ သိပ္ပံဌာနများအကြား MoU ရေးထိုးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်ရုံးခန်း အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ပါမောက္ခများနှင့် သင်ကြားစီမံဌာနမှ ဌာနမှူးများ တက်ရောက်ကြသည်။

ထို့နောက် ဂျပန်နိုင်ငံ Gifu University မှ Vice President Dr. Shinji Kambara နှင့် The Faculty of Engineering ဌာနမှူး Prof. Dr. Toshiaki Murai နှင့် သိပ္ပံဌာနများမှ ပါမောက္ခဌာနမှူးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားမှူးအဖြစ် ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးရုံး အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာစိုးမိုးလွင်နှင့် တွဲဖက်အတွင်းရေးမှူး ကထိက ဒေါ်မေသူမောင်မောင်တို့က ဆောင်ရွက်သည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်နှင့် ဂျပန်နိုင်ငံ Gifu University မှ Vice President Dr. Shinji Kambara တို့က အမှာစကား ပြောကြားကြပြီး ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ သိပ္ပံဆိုင်ရာ သုတေသနနှင့် လေ့ကျင့်လဲလှယ်ရေးခရီးစဉ်၊ သိပ္ပံပညာရှင်များနှင့် သိပ္ပံပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲများ၊ ဖိုရမ်များနှင့် သင်တန်းများ ပူးတွဲကျင်းပခြင်းနှင့် သုတေသနရလဒ်များကို သုတေသနစာစောင်များတွင် ရေးသားဖော်ပြခြင်း စသည့်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန် အသေးစိတ်ဆွေးနွေးကြသည်။

ထို့နောက် နှစ်ဖက်အဖွဲ့အစည်းကြား MoU ရေးထိုးကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သတင်းစဉ်

❂ စာမျက်နှာ ၁၀ မှ

စင်စစ်အားဖြင့် ယနေ့ဆိုလျှင် ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ (၇၅)နှစ်စိန်ရတုသို့ပင် ရောက်ရှိကာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးတင်းပြည့်ကျပ်ပြည့် မတည်ဆောက်နိုင်သေးသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။ ဗိုလ်ချုပ်သည် တိုင်းရင်းသားညီညွတ်ရေးကို တဖွဖွပြောခဲ့သည်။ ၎င်း၏ရင်ထဲမှ စိတ်ကူးအိပ်မက်သည် တိုင်းပြည်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာအောင် တည်ဆောက်သွားရန်ဖြစ်သည်။

ဗိုလ်ချုပ်အား ကျေးဇူးဆပ်ရန်ဆိုလျှင် ဗိုလ်ချုပ်၏စိတ်ထား၊ ပြောဆိုပြုမူမှုများကို သတိရတမ်းတနေရုံဖြင့်သာမဟုတ်ဘဲ ဗိုလ်ချုပ်၏ မျှော်မှန်းချက်အိပ်မက်ကို အကောင်အထည်ပေါ်အောင် လိုက်ပါဆောင်ရွက်ခြင်းသည်သာ။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းချက်အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးရန် စာရင်းပေးထားရာ ယခုအခါ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ လာရောက်၍ နိုင်ငံတော်၏ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိရပြီး ထိုကဲ့သို့ လာရောက်တွေ့ဆုံဆွေးနွေးမှုများသည် အောင်မြင်မှုရရှိကြောင်း သိရှိရသဖြင့် ငြိမ်းချမ်းရေးရောင်ခြည်လင်းလက်ကာ ယခင်က မျှော်လေတိုင်းဝေးနေခဲ့ရသော ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကြီးကို အထင်ကရမြင်တွေ့နေရပြီဟုဆိုရမည်ဖြစ်သည်။

### အနာဂတ်နိုင်ငံတော်သစ်

အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ဦးညွှတ်ဂုဏ်ပြုအမှတ်တရပြုကြရမည်ဖြစ်သလို ၎င်းတို့၏ နိုင်ငံနှင့်လူမျိုးအတွက်ထားရှိခဲ့ကြသော စိတ်ဓာတ်၊ စွမ်းရည်၊ အရည်အချင်းနှင့် ကြိုးပမ်းအားထုတ်မှုများကို အားကျအတုယူ၍ လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိနေစဉ်က မိန့်ကြားခဲ့သောမိန့်ခွန်းများအား လမ်းညွှန်အဖြစ်ခံယူ၍လည်းကောင်း၊ မျက်မှောက်ကာလနှင့် အနာဂတ်တွင် တိုးတက်ကောင်းမွန်သည့် နိုင်ငံတော်ကြီး (တစ်နည်း) ဖွံ့ဖြိုးတိုးတက် ကြွယ်ဝချမ်းသာ၊ ခိုင်မာတောင့်တင်းသော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးကို ဝိုင်းဝန်းကြိုးပမ်းအားထုတ်လုပ်ကိုင်ကြရန် လိုအပ်မည်ဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သော နိုင်ငံရေးအယူအဆကွဲပြားမှုဖြင့် လက်နက်စွဲကိုင်ကာ အာဏာကို အကြမ်းဖက်နည်းဖြင့် ဖြတ်လမ်းက ရယူလိုမှုအကျိုးဆက်ကြောင့် အမျိုးသားခေါင်းဆောင်ကြီးများ ရေတိမ်နစ်ခဲ့ရသည်။ ယနေ့တိုင်လည်း လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနေဆဲဖြစ်သည့်အတွက် ထိုနိုင်ငံရေးဂိုဏ်းဂဏစွဲ၊ အယူအဆကွဲ၊ အာဏာအစွဲစသည်တို့ကြောင့် ဖြစ်ပွားလာခဲ့ရသည့် အဖြစ်ဆိုး၊ အနိဋ္ဌာရုံဆိုး၊ ပဋိပက္ခအမျိုးမျိုး မဖြစ်ပေါ်ရလေအောင် ဆက်လက်ကြိုးစားအားထုတ်ဝိုင်းဝန်းလုပ်ကိုင်ကြရဦးမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ နှစ်ပတ်လည်အစည်းအဝေး (၂၀၂၀-၂၀၂၁) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ နှစ်ပတ်လည်အစည်းအဝေး (Annual TB Evaluation Meeting) (၂၀၂၀-၂၀၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနမှဦးဆောင်၍ ပြည်တွင်း/ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအား အမျိုးသားမဟာဗျူဟာစီမံကိန်း ၂၀၂၁-၂၀၂၅ နှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားမဟာဗျူဟာပန်းတိုင်ဖြစ်သည့် "၂၀၃၅ ခုနှစ်တွင် လူဦးရေတစ်သိန်းတွင် တီဘီရောဂါဖြစ်ပွားမှုနှုန်း (၁၀)ဦးအောက် လျော့နည်းစေရေး"ဟူသည့် ရည်မှန်းချက်ကို ပြည့်မီအောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယခု နှစ်ပတ်လည်အစည်းအဝေးတွင် မိမိတို့တွေ့ကြုံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သက်ဆိုင်ရာကဏ္ဍအလိုက် အားနည်းချက်၊ အားသာချက်များကို အခြေခံ၍ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးကြပြီး ဖြစ်နိုင်ခြေရှိသော လုပ်ငန်းစဉ်များချမှတ်ရန်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများအားလုံးဟန်ချက်ညီညီ လက်တွဲပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် လူတိုင်းလက်လှမ်းမီရရှိနိုင်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန်၊ ၂၀၃၀ ပြည့်နှစ်တွင် မျှော်မှန်းထားသော ရည်မှန်းချက်များ ရရှိအောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် စီမံချက်မန်နေဂျာ ဒေါက်တာသန်းသန်းလွင်က တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများက ၂၀၂၁ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။



အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များမှ တာဝန်ခံဆရာဝန်များနှင့် အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်းနှင့် အစည်းအဝေးကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Hotel Yangon ရှိ ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းအခမ်းအနားသို့ တက်ရောက်၍ ဟိုတယ်ဝန်ထမ်း ၁၁၂ ဦး ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေမှုများကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)မှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြသည်။




**အမှာစကားပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Novotel Yangon Max Hotel ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း Enchanting Myanmar Health and Safety Protocol နှင့်အညီ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ထားရှိသည့် နိုင်ငံအဆင့်အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ဟိုတယ် ၂၈ လုံးကို နိုင်ငံအဆင့် အသိအမှတ်ပြုတံဆိပ် (HSP National Level Plaque)ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံအဆင့်အသိအမှတ်ပြုတံဆိပ်များကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အသိအမှတ်ပြုလက်မှတ် ရရှိသည့် ဟိုတယ်များမှ တာဝန်ရှိသူများအား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းလျားကန်ဟိုတယ်တွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးညှိနှိုင်း**

ဇူလိုင် ၁၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၄)၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ စီးပွားရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးမင်းထိုက်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဆက်စပ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ Panda Hotel ၌ ကျင်းပသည့် "မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလုပ်ငန်းဖော်ဆောင်ခြင်းဆိုင်ရာ အထောက်အကူပြု ဝန်ဆောင်မှုသင်တန်း"ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှ ဆွေးနွေးပို့ချခဲ့ရာ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ဝန်ထမ်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ TRC အသက်မွေးဝမ်းကျောင်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိကာ သင်တန်းကျောင်းအား ပြင်ဆင်ထားရှိမှု၊ စာတွေ့ လက်တွေ့ ပေါင်းစပ်ကာ သင်ကြားပြသနိုင်ရေး၊ မြန်မာနိုင်ငံကျွမ်းကျင်မှု "စံ"သတ်မှတ်ရေးအဖွဲ့နှင့် အာဆီယံခရီးသွားလုပ်ငန်း ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ်မှ ချမှတ်ထားသော စံနှုန်းများနှင့် အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ သင်ကြားပြသနိုင်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော်တွင် ဖွင့်လှစ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေ အခြေခံသင်တန်းအမှတ်စဉ် ၁/၂၀၂၂ နှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုများနှင့်စပ်လျဉ်းသည့် အခြေခံသင်တန်း အမှတ်စဉ်၁/၂၀၂၂သို့ တက်ရောက်ခဲ့ကြသူများ၏ အတွေ့အကြုံရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် သင်တန်းသို့ တက်ရောက်လာကြသော သင်တန်းသားများက အပြည်ပြည်ဆိုင်ရာ ဥပဒေအကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်၊ အာဆီယံပဋိညာဉ်၊ နိုင်ငံတကာလူ့အခွင့်အရေး၊ စီးပွားရေးစာချုပ်များ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ ရေးထိုးရာတွင် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် မိုးရာသီဘောလုံးပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)တွင် မိုးရာသီ "ကျောင်းအုပ်ကြီးဖလား"အိပ်ဆောင်လိုက်(အမျိုးသား/အမျိုးသမီး) ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါ ကျောင်းအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ကျင်းပခဲ့ပြီး(အမျိုးသား/ အမျိုးသမီး) ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများနှင့် ပြိုင်ပွဲအလိုက် အကောင်းဆုံး အားကစားသမားဆု ရရှိသူများကို ဒုတိယကျောင်းအုပ်ကြီးနှင့် ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များက ဆုဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သျှားထက်**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ် ကောင်စီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်လေးဦးတို့သည် ဇူလိုင် ၁၁ ရက်မှ ၁၃ ရက် အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေး (SEAGF) Council Meeting သို့ တက်ရောက်ခဲ့သည်။

**တက်ရောက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Sokha ဟိုတယ်၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တီမောလက်စတေနိုင်ငံတို့မှ ကိုယ်စားလှယ်များကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် SAMDECH AKA MOHA SENA PADEI TECHO HUN SEN က ကြိုဆိုနှုတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သောအဖွဲ့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပမည့် အားကစားကွင်း/အားကစားရုံများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် Sokha ဟိုတယ်၌ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဝန်ကြီး (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Sokha ဟိုတယ်၌ ကျင်းပသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အားကစားနှင့် ဥပဒေရေးရာကော်မတီအစည်းအဝေး(SEAGF Sports and Rule Committee Meeting)၊ အားကစားဆေးဘက်ဆိုင်ရာနှင့် တားမြစ်ဆေးဝါးကော်မတီ အစည်းအဝေး (SEAGF Medical and Anti–Doping Committee Meeting)၊ အမျိုးသမီးအားကစားကော်မတီအစည်းအဝေး (SEAGF Women in Sports Committee Meeting)၊ သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ရေးအစည်းအဝေး (SEAGF Media and Broadcasting Meeting)များသို့ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ကျင်းပသည့် အလုပ်အမှုဆောင်ကော်မတီအစည်းအဝေး (SEAGF Executive Committee Meeting) သို့ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။




ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Sokha ဟိုတယ်၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေး (SEAGF) Council Meeting သို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဝန်ကြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌက တက်ရောက် အမှာစကားပြောကြားရာ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများကို သတ်မှတ်ခြင်း၊ အားကစားပြိုင်ပွဲဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများ ပြင်ဆင်ရေးဆွဲအတည်ပြုခြင်း၊ နောင် SEA Games ပြိုင်ပွဲများ ကျင်းပမည့် အိမ်ရှင်နိုင်ငံများ သတ်မှတ်အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအား လုပ်ငန်းရှင်များသို့ တွေ့ဆုံရှင်းလင်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအား လုပ်ငန်းရှင်များသို့ တွေ့ဆုံရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက် (၃) ရပ် ချမှတ်ဖော်ဆောင်လျက်ရှိရာ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မူဝါဒများချမှတ်ဖော်ဆောင်နေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် မူဝါဒများကို ကျင့်သုံးလိုက်နာဆောင်ရွက်နေကြသော စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ အစိုးရ၏ မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ချပြရှင်းလင်းဆွေးနွေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းရှင်များသို့ တွေ့ဆုံရှင်းလင်းခြင်းဖြစ်ကြောင်း၊ ယခုရှင်းလင်းဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဆိုင်ရာမူဝါဒများ၊ စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ စီးပွားရေးဝန်းကျင်ကောင်း ဖြစ်ပေါ်စေရေး ဌာနများအလိုက် ဆောင်ရွက်နေသည့် အခြေအနေများကို စီးပွားရေးနှင့်ဆက်စပ်သော အဓိကဌာနငါးခုက လုပ်ငန်းရှင်ကြီးများကို ရှင်းလင်းဆွေးနွေးပေးကြမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းထိန်က Agro–Industry လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက တိရစ္ဆာန်ထွက်ပစ္စည်း တန်ဖိုးမြှင့် ထုတ်ကုန် ထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်က စားသုံးသူကာကွယ်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း၊ နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဟိန်းဇော်က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်းဝန်ဆောင်မှုစနစ် (DICAOnline Solution–DOSO) ၏ သရုပ်ဖော် Video Clip၊ အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် Myanmar CompanyOnline (MyCO) ၏ Video Clip တို့ကိုပြသခဲ့ပြီး နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နွယ်က ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးနှင့် စီးပွားရေးဝန်းကျင်ကောင်း ဖန်တီးပုံဖော်ရေး ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လုပ်ငန်းရှင်များကိုယ်စား လုပ်ငန်းရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ရေဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ငါးသိုင်းချောင်း ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီက ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ရှိ ငဝန်ရေကာတာ၊ တာမိုင် (၄၆)ဗောဓိ ရေကင်းစခန်းအနီး မြစ်ရေအခြေအနေ၊ ရေကာတာ ကြံ့ခိုင်မှုအခြေအနေနှင့် မိုးရာသီရေဘေး ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြ ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ရေကာတာရှိယာယီရှင်းလင်းဆောင်၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ငဝန်မြစ်ရေ အခြေအနေ၊ ရေကာတာကြံ့ခိုင်မှုအခြေအနေ၊ တာတမံ ထိန်းသိမ်းစောင့်ရှောက်မှု နည်းလမ်းများနှင့် မိုးရာသီရေဘေးကြိုတင်ကာကွယ်ရေး အစီအမံများ၊ ဇာတ်တိုက်လေ့ကျင့်မှုနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ငါးသိုင်းချောင်းမြို့ရှိရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အစီအစဉ်အရ လွှင့်ထူရမည့် အချက်ပြအလံများ



ပေးအပ်ခြင်းအစီအစဉ်များကို ဆောင်ရွက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အရေးပေါ်အခြေအနေ ရှာဖွေကယ်ဆယ်ရေးအတွက် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သီရိလင်္ကာသမ္မတ ရာဂျာပက်ဆာ တရားဝင်ရာထူးမှ နုတ်ထွက်၊ ဇူလိုင် ၂၀ ရက်တွင် သမ္မတအသစ် ရွေးချယ်တင်မြှောက်မည်

ကိုလံဘို ဇူလိုင် ၁၅

သီရိလင်္ကာသမ္မတ ဂိုတာဘာရာ ရာဂျာပက်ဆာသည် သမ္မတရာထူးမှ တရားဝင်နုတ်ထွက်သွားပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံအတွင်း စီးပွားရေးအကျပ် အတည်းများအပေါ် ပြည်သူများက ကျေနပ်မှုမရှိသည့်အတွက် လပေါင်းများစွာ ဆန္ဒထုတ်ဖော်ပြီးနောက် သမ္မတရာဂျာပက်ဆာက ယခုကဲ့သို့ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာသမ္မတ ရာဂျာပက်ဆာ၏ တရားဝင်နုတ်ထွက်စာကို သီရိလင်္ကာ ပါလီမန်ဥက္ကဋ္ဌ မဟင်ဒါရာပါက ယနေ့တွင် လက်ခံခဲ့ကြောင်း သိရသည်။

ယခုရက်သတ္တပတ်အစောပိုင်းတွင် သမ္မတရာဂျာပက်ဆာသည် ဇနီးနှင့်အတူ နိုင်ငံမှ ထွက်ခွာသွားခဲ့သည်။

သမ္မတရာဂျာပက်ဆာ၏ နိုင်ငံမှ ထွက်ခွာသွားခြင်းသည် ရာဂျာပက်ဆာမင်းဆက်၏ ဆယ်စုနှစ်တစ်ခုကျော် အုပ်ချုပ်မှုကို အဆုံးသတ်သွားစေခဲ့သည်။

ဂိုတာဘာရာ ရာဂျာပက်ဆာနှင့် ၎င်း၏အစ်ကို မဟင်ဒါရာဂျာပက်ဆာတို့သည် သမ္မတရာထူးများကို တာဝန်ယူထမ်းဆောင်ခဲ့သည်။ ၎င်းတို့၏ ဆွေမျိုးသားချင်းများသည်လည်း အစိုးရအဖွဲ့၏ ထိပ်တန်းရာထူးများကို ရရှိခဲ့သည်။

လက်ရှိတွင် မြို့တော်ကိုလံဘို၌ အရေးပေါ် အခြေအနေကြေညာထားကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ပြီး ဆန္ဒထုတ်ဖော်သူများက သမ္မတနှင့် ဝန်ကြီးချုပ်တို့၏ နေအိမ်များအပါအဝင် ထိပ်တန်းအရာရှိများ၏ နေအိမ်များကို ဝင်ရောက်စီးနင်းခဲ့သည်။

လက်ရှိတွင် သီရိလင်္ကာဝန်ကြီးချုပ်သည် ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဇူလိုင် ၂၀ ရက်တွင်သမ္မတအသစ်ကိုရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း သိရသည်။

လာမည့် အစိုးရအဖွဲ့အသစ်သည် နိုင်ငံတွင်းဖြစ်ပေါ်လျက်ရှိသည့် တင်းမာမှုများကို ကောင်းမွန်စွာကိုင်တွယ်ဖြေရှင်းပြီး ပြည်သူများ၏ ယုံကြည်မှုကို ပြန်လည်ရရှိရန် ကြိုးပမ်းသွားရမည်ဖြစ်သည်။

သို့သော် စားနပ်ရိက္ခာနှင့် လောင်စာဆီပြတ်လပ်မှုများသည် အစိုးရအဖွဲ့အသစ်အတွက် ရင်ဆိုင်ဖြေရှင်းရန် အဓိကကျသော ပြဿနာများပင်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



သီရိလင်္ကာပါလီမန်ဥက္ကဋ္ဌ မဟင်ဒါရာပါ။




# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၉၈ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဇူလိုင် ၁၅

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၉၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၆၀၈၇၆၈ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက်ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၄၀၉၃ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။ ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ရှစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၈၃၆ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လူနာ ၂၀၇၁ ဦး ရောဂါမှပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၅၃၄၀၁၉ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၈၉၁၃ ဦးရှိပြီး ယင်းတို့အနက် ၅၃ ဦး သည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၃၅ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၃ ဒသမ ၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ယူဂန္ဒာနိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားသူအရေအတွက် မြင့်တက်

ကန်ပါလာ ဇူလိုင် ၁၅

ယူဂန္ဒာနိုင်ငံ၌ ဇန်နဝါရီလမှ စတင်၍ ငှက်ဖျားရောဂါဖြစ်ပွားသူအရေအတွက် သိသိသာသာမြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဂျန်းရှဒ်က ပြောကြားသည်။

နိုင်ငံအတွင်း ယခုနှစ်အစပိုင်းမှ စတင်၍ ငှက်ဖျားရောဂါဖြစ်ပွားသူ ၃ ဒသမ ၁၅ သန်းရှိလာပြီး ၎င်းတို့အနက် ၁၁ ဒသမ ၂၅ သန်းမှာ ပြင်ပလူနာဌာနတွင် ကုသမှုခံယူနေရကြောင်း သိရသည်။ ယခုဖြစ်ပွားနေသည့် ငှက်ဖျားရောဂါခံစားရသူများတွင် အသက် ငါးနှစ်အောက်ကလေးငယ် ၇၇၅၀၀၀ ခန့် ပါဝင်ကြောင်း သိရသည်။

နိုင်ငံအတွင်း လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု သိသိသာသာလျော့ကျလာခဲ့ရာတွင် ၂၀၀၉ ခုနှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွားသူ ၄၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ကိုးရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။

ထို့ပြင် နိုင်ငံအတွင်း ငှက်ဖျားရောဂါကြောင့် သေဆုံးသူအရေအတွက်သည် ၂၀၁၃ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ခြင်ကြောင့် ကူးစက်သည့် ငှက်ဖျားရောဂါသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# အိန္ဒိယနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ပထမဆုံးအကြိမ်တွေ့ရှိ

နယူးဒေလီ ဇူလိုင် ၁၅

အိန္ဒိယနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ပထမဆုံးအကြိမ် တွေ့ရှိကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့အတည်ပြုပြောကြားသည်။

အဆိုပါ အသက် ၃၅ နှစ်အရွယ် အမျိုးသားသည် အာရပ်စော်ဘွားများပြည်ထောင်စုမှ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ရောဂါစစ်ဆေးရာတွင် မျောက်ကျောက်ရောဂါကူးစက်ခံထားရကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ယင်းအမျိုးသားအား ကီရာလာပြည်နယ်ရှိ ဆေးရုံတစ်ရုံ၌ သီးခြားစောင့်ကြည့်လျက်ရှိကြောင်းနှင့် ၎င်းနှင့်အတူ လေယာဉ်လိုက်ပါစီးနင်းလာသည့် ခရီးသည် ၁၁ ဦးကိုလည်း အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း မျောက်ကျောက်ရောဂါကူးစက်မှုဆိုင်ရာ ကာကွယ်ထိန်းချုပ်ရေးအတွက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့အား ဒေသန္တရအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ကီရာလာပြည်နယ်သို့ စေလွှတ်ထားကြောင်း အိန္ဒိယအစိုးရက ပြောကြားသည်။

မျောက်ကျောက် ရောဂါသည် အာဖရိကဒေသနိုင်ငံများတွင် စတင်ကူးစက်သည့်ရောဂါဖြစ်သည်။ ရောဂါလက္ခဏာများမှာ ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းကြွက်သားများနာကျင်ခြင်းနှင့် အရေပြားပေါ်တွင် အဖုအပိမ့်များ ထွက်ပေါ်လာခြင်းတို့ဖြစ်သည်။

ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ဝန်းကျင်၌ အဆိုပါရောဂါကူးစက်ခံရသူ ၉၀၀၀ ကျော် စစ်ဆေးတွေ့ရှိထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုထားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုများဖြစ်ပွား

ပါရီ ဇူလိုင် ၁၅

ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းတွင် တောမီးများလောင်ကျွမ်းမှုကြောင့် လူ ၁၀၀၀၀ အား ရွှေ့ပြောင်းပေးခဲ့ရပြီး မြေဟက်တာ ၇၃၀၀ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ ယင်းတောမီးလောင်ကျွမ်းမှုကြောင့် ဘော်ဒတ်စ်ဒေသတောင်ပိုင်း လန်းဒရစ်တ်ရှိ မြေဟက်တာ ၄၂၀၀ မီးလောင်ကျွမ်းခဲ့ပြီး လန်းဒရစ်တ်မြို့မှ ကီလိုမီတာ ၇၀ အကွာအဝေးတွင်ရှိသည့် လာတာဒီဘတ်စ်မြို့ရှိ မြေဟက်တာ ၃၁၀၀ မီးလောင်ကျွမ်းခဲ့သည်။

ယခုလက်ရှိအချိန်တွင် တောမီးလောင်ကျွမ်းမှုအား မီးသတ်သမား ၁၀၀ ခန့်က ငြိမ်းသတ်လျက်ရှိသော်လည်း လေတိုက်ခတ်မှုရှိခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့က မီးငြိမ်းသတ်ရေးလုပ်ငန်းများကို နှောင့်နှေးစေလျက်ရှိကြောင်း သိရသည်။ နိုင်ငံတောင်ပိုင်းရှိ အခြားမီးလောင်ကျွမ်းမှုဖြစ်စဉ်တွင်လည်း ဇူလိုင် ၇ ရက်မှစတင်၍ နာနတ်စိုက်ပျိုးခင်းများအတွင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် မီးသတ်သမား ၁၁၀၀ ခန့်က မီးငြိမ်းသတ်ခဲ့ရာ လက်ရှိအချိန်အထိ မြေဟက်တာ ၁၀၀၀ ခန့် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

✳ ကျောဖုံးမှ

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# သိန္နီနှင့် မူဆယ်မြို့နယ်တို့၌ တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီနှင့် မူဆယ်မြို့နယ်တို့၌ တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် ပန်စုံကျေးရွာအနီး မန္တလေး-မူဆယ်သွားကားလမ်းတွင် မူဆယ်မှ မန္တလေးသို့ တင်အောင်လှ မောင်းနှင်ပြီး လှငွေ လိုက်ပါလာသည့် Toyota Hiace မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် တရားမဝင် သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်အက်စီတိတ် ၂ ဒသမ ၅ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မွန်းတည့် ၁၂ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၁၂) မီးပွိုင့်လမ်းဆုံတွင် ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင် တာဝန်ခံသယ်ဆောင်သူ အားဖျင်နှင့် အားဆန်တို့ နှစ်ဦးအား WISH မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီတွင် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် စက်မှုနယ်မြေရှိ အုတ်စက်ရုံဂိုဒေါင်အား ပူးပေါင်းအဖွဲ့မှ ဝင်ရောက်ရှာဖွေရာ ဂိုဒေါင်တာဝန်ခံ ဟန်မင်းအောင်(ခ)ထက်ကြီးနှင့် မခိုင်စုနွယ်(ခ) ခိုင်စုတို့အား တရားမဝင်သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်အက်စီတိတ် ၁ ဒသမ ၂၅ တန်၊ အခြားဓာတုပစ္စည်းများဖြစ်သည့် ပိုတက်စီယမ်ဆာလဖိတ် ၂ ဒသမ ၄ တန်၊ ဆိုဒီယမ်ကာဗွန်နိတ် ၆ ဒသမ ၇၅ တန်၊ ဆိုဒီယမ်ကလိုရိုက် ၃၈၀ ကီလို၊ ဓာတုပစ္စည်း အနံ့နှင့် ဓာတ်ငွေ့ကာ မျက်နှာဖုံး ၁၈ ခုနှင့် တွဲလျက်အသုံးပြုသည့် လေစစ်ဆန်ခါ ၁၀၅ ခု တို့အားလည်းကောင်း၊ ညနေ ၅ နာရီတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၄)လမ်းရှိ ဂိုဒေါင်အား ဆက်လက်ရှာဖွေရာ ဂိုဒေါင်စောင့် သူရကျော်အား တရားမဝင် သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်အက်စီတိတ် ၁ ဒသမ ၅၅ တန်နှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်အက်စီတိတ် ၅ ဒသမ ၃တန်၊ အခြားဓာတုပစ္စည်းများဖြစ်သည့် ပိုတက်စီယမ်ဆာလဖိတ် ၂ ဒသမ ၄ တန်၊ ဆိုဒီယမ်ကာဗွန်နိတ် ၆ ဒသမ ၇၅ တန်၊ ဆိုဒီယမ်ကလိုရိုက် ကီလို ၃၈၀၊ ဓာတုပစ္စည်းအနံ့နှင့် ဓာတ်ငွေ့ကာ မျက်နှာဖုံး ၁၈ ခု၊ လေစစ်ဆန်ခါ ၁၀၅ ခု တို့ကို သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မူဆယ်မြို့၌ သိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်သူများအား တွေ့ရစဉ်။




သိန္နီမြို့နယ်၌ သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်သူများအား တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ ရေနံ၊ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့စက်လှေများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့ ချောင်းကောက်ကျေးရွာအနောက်ဘက် လှည်းလမ်း၌ တရားမဝင် ရေနံဂါလန် ၅၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၂၃၂)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ ဇူလိုင် ၁၄ ရက်တွင် မင်းလှမြို့နယ် သပြေတောကျေးရွာ အရှေ့ဘက် ဧရာဝတီမြစ်ဆိပ်၌ လိုင်စင်မဲ့စက်လှေနှစ်စင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၀၀၀၀၀)ကို ပြည်တွင်း ရေကြောင်းသွားရေယာဉ်ဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၈၂၂၃၂)ကို သိမ်းဆည်းအရေးယူ



ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော မီးဖိုချောင်သုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၆၄၄၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့ စွမ်စော်ရပ်ကွက် နမ့်ခမ်းသွားလမ်း မြေနီကားကွင်းအတွင်း၌ ရပ်တန့်ထားသော တရုတ်နံပါတ်တပ် ကုန်ပစ္စည်းတင် မော်တော်ယာဉ် နှစ်စီးအား မူဆယ်ခရိုင် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၄၆၈၀၇၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dongfeng အမျိုးအစား တရုတ်နံပါတ်တပ် ကုန်တင်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၄၆၈၀၇၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ်တွင်း သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တရားမဝင်သစ်မျိုးစုံသုည ဒသမ ၉၂၉၈ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၆၄၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မအူပင်မြို့ မအူပင်-ဆားမလောက်ကားလမ်း တလုပ်လပ် အရှေ့ကျေးရွာမြို့ဝင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က Honda Fit အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၃၆၄၀၀)ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၁၃ ဒသမ ၂၉၇၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၅၀၃၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၁ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၁၂၃၆၁၄၀)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၀၀ | ၁၇၄၅ | ၁၇၄၀ | ၁၇၀၅ | ၁၇၄၅ | ၁၇၆၅ | ၁၇၅၀ | ၁၇၃၀ | ၁၈၂၅ | ၁၈၄၀ | ၁၇၃၅ | ၁၇၄၅ | ၁၇၈၀ | ၁၇၈၀ | ၁၇၈၅ | ၂၀၀၀ | ၂၅၉၀ |
| 95 Ron | ၁၇၄၅ | ၁၇၉၅ | ၁၇၉၀ | ၁၇၅၅ | ၁၇၉၀ | ၁၈၁၅ | ၁၈၀၀ | ၁၇၈၀ | ၁၈၇၀ | ၁၈၉၀ | ၁၇၈၅ | ၁၈၀၀ | ၁၈၃၀ | ၁၈၃၀ | ၁၈၃၀ | ၂၀၅၀ | ၂၆၄၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၃၅ | ၂၈၇၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၀၉ | ၁၆၇၅ |
| 95 Ron | ၁၆၅၆ | ၁၇၂၃ |
| HSD (500 ppm) | ၂၀၂၉ | ၂၀၉၉ |
| HSD (50 ppm) | ၂၀၈၄ | ၂၁၅၅ |
| HSD (10 ppm) | ၂၀၈၄ | ၂၁၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၈) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားရာတွင် ဆရာ ဆရာမများ၏ စိတ်ဓာတ်ရေးရာ၊ ခံယူချက်များ မှန်ကန်မြင့်မားလာစေရန်နှင့် စည်းကမ်းလိုက်နာမှုအားကောင်းလာစေရန်ရည်ရွယ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းမှ လေ့ကျင့်ပေးသည့် အဖွဲ့အစည်းစိတ်ဓာတ်၊ အသင်းအဖွဲ့စိတ်ဓာတ်များကို ကျောင်းသား ကျောင်းသူများအား ပြန်လည်လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ပညာသင်ယူခြင်းသည် မွေးစမှ သေသည်အထိဖြစ်၍ ဆရာ ဆရာမများအနေဖြင့် စဉ်ဆက်မပြတ်သင်ယူနေရမည်ဖြစ်ကြောင်း၊ ဘက်စုံထူးချွန်ထက်မြက်သည့် ဆရာများဖြစ်စေရေး မိမိတို့၏အရည်အသွေး အစဉ်တိုးတက်အောင်ဆောင်ရွက်ရန်နှင့် အများအကျိုးသယ်ပိုးနိုင်သူဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉၈)သို့ သင်တန်းသား ၅၀၊ သင်တန်းသူ ၄၃၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇွန် ၁၃ မှ ဇူလိုင် ၁၅ ရက် အထိ ရက်သတ္တငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ တက္ကသိုလ်ပိုင်ရေနောက်အင်းကန်အတွင်းသို့ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၅၀၀၀ နှင့် ငါးတန်သားပေါက် ကောင်ရေ ၅၀၀၀ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးနဲမြို့နယ် ဆိုက်ဖယ်ကျေးရွာ၌ ဆီထွက်သီးနှံ မိုးနေကြာစံပြစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှု



မိုးနဲ ဇူလိုင် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်း ဆီထွက်သီးနှံ မိုးနေကြာစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး အဖွဲ့ဝင်ဌာနများက ယနေ့နံနက် ၈ နာရီတွင် မိုက်ဟိုင်းကျေးရွာအုပ်စု ဆိုက်ဖယ်ကျေးရွာနေတောင်သူဦးမောင်မြင့်၏ ယာမြေနေရာ၌ စိုက်ပျိုးထားသော ဆင်းရှေ့ကြာ (၂) နေကြာမျိုးစေ့ထုတ် စံပြစိုက်ခင်း သုံးဧကနှင့် ရေဆင်းစပ်မျိုး(၁) နေကြာပညာပေး စံပြစိုက်ခင်း နှစ်ဧက နေရာများသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် စံပြစိုက်ခင်းများ စတင်စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မော်ဦးက ရှင်းလင်းတင်ပြခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒေသအတွင်း စားသုံးဆီဖူလုံမှုရှိစေရေးအတွက် ဆီထွက်သီးနှံ နေကြာကို ပိုမိုစိုက်ပျိုးနိုင်ရေး ပညာပေးစည်းရုံးခြင်း၊ စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် သီးညှပ် စိုက်ပျိုးခြင်းများ ဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မိုးနဲမြို့နယ်အတွင်း ယနေ့အထိ မိုးသီးနှံနေကြာ ၅၂ ဧကကို စိုက်ပျိုးထားပြီး နေကြာစိုက်ပျိုးရန်အတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးရေး၊ အပင် ပြုစုစောင့်ရှောက်ရေး နည်းစနစ်များ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကို တောင်သူများ အချိန်မီ သိရှိနိုင်စေရန်အတွက် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ် ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဝိုးတောင်း**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၁၅

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁၅

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။



## အသိပညာပေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက အသိပညာပေး စကား ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသား ခုနစ်ဦးတို့ကို ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။ ဆက်လက်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင်တစ်ဦး၏ ဖခင်ဖြစ်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ဇူလိုင် ၁၄ ရက်ကလည်း ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကရင်ပြည်နယ် ဘားအံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လှိုင်းဘွဲ့မြို့နယ်ရှိ နယ်မြေခံတပ်အစည်းအဝေးခန်းမ၌ ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။

## လွှဲပြောင်းအပ်နှံပေးလျက်ရှိ

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မတော့ကုန်းကျေးရွာနေ ဇင်မာ(ခ)ဇင်မာဝင်းသည် ၎င်းအသုံးပြုသည့် "အမုန်းမပွားတဲ့ နှလုံးသား" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်နေ မြတ်နိုးဦး(ခ)ပီနိုးသည် ၎င်းအသုံးပြုသည့် "P Noe" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ သန့်စင်ကိုသည် ၎င်းအသုံးပြုသည့် "Thant Zin Ko" Facebook အကောင့်၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက်နေ သီဟကျော်နှင့် ၎င်း၏ဇနီးဖြစ်သူ ဇာနွယ်စိုးတို့သည် ၎င်းတို့အသုံးပြုသည့် "Thiha Kyaw" Facebook အကောင့်နှင့် "Zar Nwe Soe" Facebook အကောင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်နေ လွှမ်းမိုးသည် ၎င်းအသုံးပြုသည့် "Hlwan paing" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ထန်းတောဦးနေ မျိုးသူအောင်(ခ)နက်ကျော်သည် ၎င်းအသုံးပြုသည့် "Myo Thu Aung" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင် ခိုလမ်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ကျန်းမာရေးတိုးတက်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တောင်ကျချောင်းရေတိုက်စားပြီး ပျက်စီးမှုများကြောင့် သွားလာရေးအခက်အခဲဖြစ်ပေါ်နေသည့် လားရှိုးမြို့နှင့် မန်စန်ရေကျကျေးရွာသွားကားလမ်းအား တပ်မတော်သားများက ယာယီပြင်ဆင်မှုများ ပြုလုပ်ပေး

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လားရှိုးမြို့နှင့် မန်စန်ရေကျကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာသွားကားလမ်းရှိ ခိုက်တွေရွာနှင့် ရှန်ခိုက်ရွာကြားလမ်းပိုင်းသည် တောင်ကျချောင်းရေတိုက်စားမှုကြောင့်ပျက်စီး၍ ခရီးသွားပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများဖြစ်ပေါ်ခဲ့ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ပေးသည်။

## ယာယီပြင်ဆင်မှုများ ပြုလုပ်ပေး

အဆိုပါ ကားလမ်းပျက်စီးမှုကို ခရီးသွားပြည်သူများ သွားလာအသုံးပြုနိုင်ရန်အတွက် နယ်မြေခံတပ်မတော်သားများက ယာယီပြင်ဆင်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## လှိုင်သာယာမြို့နယ်၌ အာဟာရပြည့်ဝ ကလေးတို့ဘဝစီမံကိန်း စတင်ခြင်းအခမ်းအနား ကျင်းပ

**လှိုင်သာယာ ဇူလိုင် ၁၅**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ အမှတ်(၅) ရပ်ကွက် အမှတ်(၁၈)အခြေခံပညာ မူလတန်းကျောင်းတွင် တရုတ်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အာဟာရပြည့်ဝ ကလေးငယ်တို့ဘဝ စီမံကိန်း စတင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ အခြေခံပညာမူလတန်းကျောင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာဦးစီးဌာန နေပြည်တော်မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး တရုတ်နိုင်ငံဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖောင်ဒေးရှင်း မြန်မာနိုင်ငံဆိုင်ရာရုံးမှCountry Director Ms. LinYuan က စီမံကိန်း ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်မှာ အခြေခံပညာ မူလတန်းကျောင်းသား ကျောင်းသူများကို တစ်နေ့တာပညာ ဆည်းပူးနိုင်ရန်အတွက် လိုအပ်သော အာဟာရဓာတ်နှင့် စွမ်းအင်များရရှိပြီး အာဟာရချို့တဲ့ခြင်းကို ကာကွယ်နိုင်ရန်နှင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနနှင့် ဤစီမံကိန်းကို လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း ရှစ်ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း နှစ်ကျောင်း စုစုပေါင်း ၁၀ ကျောင်းမှ ကျောင်းသားကျောင်းသူ ၄၄၆၃ ဦးကို ချစ်ခြင်းမေတ္တာများဖြင့် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လှိုင်သာယာမြို့နယ် မြို့နယ်ပညာရေးမှူး ဦးကျော်သိန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

**ဝေလွင်ကျော်(ပြန်/ဆက်)**



မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

(၈၅)ကြိမ်မြောက်
ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂၁)ရက်မှ ဇူလိုင်လ(၂၂)ရက်။

## ခရမ်းမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလှုပ်ရှားမှုများ ကွင်းဆင်းဆောင်ရွက်

**ခရမ်း ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျေးရွာစီမံ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ တိရစ္ဆာန်ရောဂါကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ရက်သတ္တပတ် အစီအစဉ်အရ ပိုစတာ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါနှင့် ထောင့်သန်းရောဂါကာကွယ်ဆေးထိုးနှံခြင်းများအား ယနေ့ နံနက်ပိုင်းက ခရမ်းမြို့နယ်အုန်းပင်ကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါက်တာ စုစုလှဝင်းက ကျွဲ၊ နွားများအား ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကာကွယ်ဆေးများကို စနစ်တကျ ကြိုတင်ထိုးနှံထားခြင်းဖြင့် မွေးမြူရေးတောင်သူများ အကျိုးအမြတ်များဖြစ်ထွန်းကာ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် တိုးချဲ့မွေးမြူလာကြမည်ဖြစ်ကြောင်းနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါ၊ ကျွဲ၊ နွားအရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါများနှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပြီး တိရစ္ဆာန်အစာပင် (နေပီယာ)မြက်များစိုက်ပျိုး၍ လွတ်ကျောင်းစနစ်မှ ခြံလှောင်စနစ်သို့ ပြောင်းလဲမွေးမြူခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် မွေးမြူရေးလုပ်ငန်းမှ တစ်ဖက်တစ်လမ်း ဝင်ငွေများရရှိစေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ဖြစ်စေနိုင်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့်ကျေးလက်နေပြည်သူများအား မွေးမြူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်အတွင်းရှိ ကျွဲ၊ နွားများတွင် ခွာနာလျှာနာရောဂါ မဖြစ်ပွားစေရေးအတွက် ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**





## သုံးတောင်ကြီးမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှု အသိပညာပေးဆောင်ရွက်

**သုံးတောင်ကြီး ဇူလိုင် ၁၅**

သုံးတောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုများ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေး ဗီနိုင်းဆိုင်းဘုတ်များစိုက်ထူခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင်ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုအဖြစ် သုံးတောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်မျိုးသူက အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်း၍ ဒေသအတွင်းမွေးမြူရေး တောင်သူများ ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ ကူးစက်ရောဂါပြန့်ပွားမှုအား အချိန်တိုအတွင်း ထိရောက်ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းများနှင့် တက်ရောက်ကြသည့် မွေးမြူရေးတောင်သူများက အသိပညာပေးဗီနိုင်းဆိုင်းဘုတ်များ စိုက်ထူကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြင့်မြတ်ဦး**

## ရေတာရှည်မြို့တွင် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ရက်သတ္တပတ်အစီအစဉ် ဆောင်ရွက်

**ရေတာရှည် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ "တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ရက်သတ္တပတ်အစီအစဉ်" အရ ဇူလိုင် ၁၅ ရက် နံနက်ပိုင်း၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများက ရေတာရှည်မြို့ နွားပွဲဈေးတွင် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့သည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူသည့်တိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်ထိ တိရစ္ဆာန်ရောဂါကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ရက်သတ္တပတ်အဖြစ်သတ်မှတ်၍ ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ပြည်သူလူထုအသိပညာပေး ပိုစတာများ စိုက်ထူခြင်း၊ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း တို့ကို အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဒိုက်ဦးမြို့၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ဆောင်ရွက်

**ဒိုက်ဦး ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ တိရစ္ဆာန်မွေးမြူသူများ ပူးပေါင်း၍ ကျိုက်စကောအရှေ့ကျေးရွာ ဦးမောင်ကြည်၏ နွားခြံတွင် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုအဖြစ် ပိုစတာများစိုက်ထူခြင်း၊ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာ စုငွေလှိုင်က မွေးမြူရေးတိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအား အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုပေါ်ပေါက်လာပါက အရေးပေါ် တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များအနေဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ သင်တန်းများ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ကျော်ကျော်(ဒိုက်ဦး)**

# ဆားဖျက်လေတယ်

ဆင်ဖြူကျွန်းအောင်သိန်း

(၉-၇-၂၀၂၂ ရက်နေ့မှအဆက်)

"ဘယ်လောက်များ ဖနောင့်နဲ့တအားပေါက်လို့ကောင်းလိုက်မလဲလို့"

မြက်သူခိုး၏ကျောဘက်တွင် မြက်ပင်များ ပြောင်ရှင်းနေကာ ရိတ်ပြီးသားမြက်ပင်ကလေးများသာ ဟိုတစ်စု သည်တစ်စု၊ ဟိုတစ်တန်း သည်တစ်တန်းရှိနေ၏။ ကိုဆေးရိုးမှာ အသက်ကိုပင် ပြင်းပြင်းမရှူဝံ့ဘဲ ခြေကိုကြွကာကြွကာ မြက်သူခိုးအနားသို့ ချဉ်းကပ်ခဲ့၏။ မြက်သူခိုးမမှာ သီချင်းပင်မဆိုနိုင်တော့ဘဲ ကိုဆေးရိုးအလှည့်ကျရိတ်ရန် မွေးထားသော မြက်ပင်ကြီးများကို ရိတ်ရဖြတ်ရသဖြင့် လက်တွေ့လှသည့်အလား နောက်သို့တစ်ချက်ကလေး ပြန်မကြည့်ဘဲ အားရပါးရကုန်းရိတ်နေ၏။ ထို့ကြောင့်လည်း နောက်နားတစ်တောင်ကွာတွင် ကိုဆေးရိုး မားမားကြီး ရောက်နေမှန်းမသိခြင်းဖြစ်သည်။

ကိုဆေးရိုးသည် သူခိုးကို ခါးထောက်ကြည့်၍များပင် နေမိသေးသည်။ ကိုဆေးရိုးကြည့်နေဆဲမှာပင် သူခိုးမသည် ကန်သင်းပေါ်မှ လယ်ကွက်တွင်းသို့ လျှောကျနေသော မြက်ဖုတ်ကလေးတစ်ဖုတ်ကို တံစဉ်ဖြင့် လှမ်းချိတ်လိုက်ရာ တံစဉ်ဖျားဖြင့် စပါးပင်ကလေးနှစ်ပင်ပါလာ၏။ ကိုဆေးရိုးသာဆိုလျှင် ယင်းသို့ငြိမိပါက စပါးပင်ကို ဖယ်ထုတ်ပြီး မြက်ကိုသာ ရွေးရိတ်မည်ဖြစ်သည်။ သူခိုးမမူကား မိမိပစ္စည်းမဟုတ်သောကြောင့် စပါးပင်ပါ ဗျင်းခနဲ ဆွဲဖြတ်လိုက်ရာ ကိုဆေးရိုးမှာ ရင်ထဲက နင့်သွား၏။ ဒေါသထောင်းခနဲထလာ၏။ မြက်ထဲတွင် ရောပါသွားသောစပါးပင်၏အဖျားတွင် စပါးနှံကလေးများ ငိုက်နေ၏။ အခွံမာဖုံးလုလု စပါးနှံနုကလေးများဖြစ်ပေသည်။ စပါးပင်နှစ်ပင် တံစဉ်ဖျားတွင် ပါသွားသည်နှင့်တစ်ပြိုင်နက် ကိုဆေးရိုးက သူခိုး၏ကျောပြင်ကို ဖနောင့်ဖြင့် တအားပေါက်ချလိုက်ရန် ဘယ်ခြေကို ရှေ့သို့ တစ်လှမ်းတိုးနင်းလိုက်ရာ "ဘိုင်း"ခနဲ ရေပြင်ထဲသို့ တစ်စုံတစ်ခု ပစ်ချသံမျိုးထွက်ပေါ်လာပြီး မြက်သူခိုးမှာလည်း "အမယ်လေးတော့်"ဟု အော်ကာ လွတ်ကျသွားသောတံစဉ်ကိုပင် ပြန်မကောက်နိုင်တော့ဘဲ တစ်ချိုးတည်း ပြေးထွက်သွားလေ၏။

"အီး"

ကိုဆေးရိုးမှာ တစ်ကိုယ်လုံး ရေတွေရွှံ့စိုနေချေသည်။ စပါးပင်များကြားမှ "အီး" ခနဲ ညည်းညူကာ ကုန်းထရင်း မိမိ ခြေချော်ကျရာနေရာကို ငုံ့ကြည့်မိ၏။ ကိုဆေးရိုးမှာ သူခိုးမကို ဖနောင့်ဖြင့်ပေါက်ရန် ဝေးနေသဖြင့် ရှေ့သို့တိုးလိုက်သည်တွင် ပုစွန်တွင်းတစ်ခု၏ထိပ်မှ ကျစ်စာပုံအပျော့ကို တက်နင်းမိရာက လယ်ကွက်ထဲသို့ ချော်ကျသွားခြင်းဖြစ်သည်။ ထို့ကြောင့် ကိုဆေးရိုးချော်ကျရာ ကန်သင်းစောင်းတွင် စွပ်ကြောင်းကြီးထင်နေ၏။ ပိပြားသွားသော စပါးပင်များမှာ တစ်ပင်ပြီးတစ်ပင် ပြန်ထောင်တက်နေသည်။

"တောက်... ဖနောင့်စာ မကျွေးလိုက်ရတာ နာသကွာ"

ကိုဆေးရိုးမှာ မကျေမချမ်း ရေရွတ်မိ၏။ လေပြည်ကလေးအသော့တွင် စပါးပင်များမှာ ရှဲခနဲ လွန့်လူးသွားသည်။ ကိုဆေးရိုးမှာ မေးခိုက်ခိုက်တုန်လျက် သူခိုးထားပစ်ခဲ့သော မြက်စုကလေးများကို လိုက်လံစုဆောင်း သိမ်းဆည်းနေမိသည်။

"ဟေး မောင်ဆေးရိုး"

"ဩော် .... ကိုဘဒင် ပြန်တော့မလားဗျို့"

တူရူကန်သင်းထိပ်မှ မိမိအား ခေါ်သံထွက်ပေါ်လာသဖြင့် ကိုဆေးရိုးက မော့ကြည့်ကာ အလိုက်သင့်ပြန်မေးလိုက်၏။ ကိုဘဒင်မှာ ကိုဆေးရိုးအောက်က တစ်ပွဲကျော်ရှိလယ်ကိုလုပ်သူဖြစ်သည်။

"အေးကွ..."

ကိုဘဒင်သည် ပြန်ပြောပြီးနောက် ဆက်လက်၍ပင် ရပ်နေပြန်ကာ... "မပြန်သေးဘူးလားကွ၊ ကနေ့ အမတော်ကြေး ပြန်ဆပ်ရမယ့်နေ့ဆို"

"ဟာ..."

ကိုဆေးရိုးမှာ မျက်လုံးကြီးပြူးကာ ပါးစပ်ဟလျက် မော့ကြည့်နေမိ၏။ လွန်ခဲ့သော ခုနစ်ရက်ခန့်ကပင် ရွာခေါင်းက ကြိုတင်နှိုးဆော်ထားသဖြင့် နံနက်က လယ်ပြင်သို့ထွက်လာသည့်အချိန်၊ ကန်သင်းများကို လိုက်လံစစ်ဆေးနေသောအချိန်အထိ သတိရနေခဲ့သေးသည်။ "ငါ... စောစောပြန်ရမှာပါကလား"ဟူ၍လည်း မိမိကိုယ်ကို သတိပေးနေခဲ့၏။ သို့ရာတွင် ထိုနှိုးကြားသောစိတ်မှာ မြက်သူခိုးတို့၏ သီချင်းသံကို ကြားရသည့်အချိန်မှစ၍ ဒေါသဖုံးကာ နှိုးကြားစိတ်ပျောက်ကွယ်ခဲ့ရသည်မှာ ယခု ကိုဘဒင်လာရောက်မေးတော့မှ သတိပြန်လည်ရသည့်အတွက် ပါးစပ်ကြီးဟနေမိခြင်းဖြစ်၏။

"အမတော်ကြေးကလည်းကွာ၊ အချိန်မဟုတ် အခါမဟုတ်"

ကိုဘဒင်က ဆက်လက်မြည်တွန်လိုက်သည်။ တစ်ဖန် ကိုဆေးရိုးကို ငုံ့ကြည့်၍ "မင်းလည်း ငါ့လိုပဲ ပေးစရာမရှိသေးဘူးမဟုတ်လား" ဟု ပြန်မေးသည်။

"မဟုတ်ဘူးဗျ"

"ဘာမဟုတ်ဘူးလဲ၊ မင်းက ဘယ်လောက်များချမ်းသာလို့လဲ"

"ဒါပြောတာ မဟုတ်ဘူးဗျ၊ ကနေ့ အမတော်ကြေး လာကောက်မယ်ဆိုတာ သတိရနေတာ။ ကနေ့ စောစောပြန်ပြီး သပိတ်တွေဖော်မယ်။ ဖောက်သည်လည်း လာမယ်ဆိုတာသိလို့ စောစောပြန်မယ် စိတ်ကူးထားတာ တောက်"

ကိုဆေးရိုးက ဆွဲဆွဲငင်ငင်ဖြင့် ရှည်လျားစွာ ရှင်းတမ်းထုတ်နေပြန်သဖြင့် ကိုဘဒင်က ဖြတ်ပြောပြန်၏။

"မေ့နေရော ဆိုပါတော့ကွာ"

"ဟိုကမြင်းမတွေကြောင့် မေ့သွားတယ်ဗျာ၊ မြက်သူခိုးမတွေ"

"အေးကွ၊ သင်းတို့တော့လား မမိရင်နေဦးပေါ့ကွာ၊ မိများမိရင် မြက်ရော၊ တံစဉ်ရော သိမ်းထားမယ့်အပြင် ထဘီပါ ချွတ်ယူလိုက်မယ်ဟေ့"

"ဟဲ... ဟဲ... ထဘီချွတ်ယူပြီး ဘာလုပ်မလဲ။ ခေါင်းပေါင်းမလို့လား"

"မင့်ဖေကလွှား ခေါင်းပေါင်းရမှာလား၊ တော်တော်ယုတ်မာတဲ့ကောင်"

ကိုဘဒင်က မဲ့မဲ့ရွဲ့ရွဲ့နှင့်ဆဲဆိုပြီး ကန်သင်းပေါင်တွင် ထိုးစိုက်ထားသော ငန်းပြားကို နုတ်ယူကာ ခပ်သုတ်သုတ်ထွက်ခွာသွားလျှင် ကိုဆေးရိုးမှာ ကိုဘဒင်ကို လှမ်းကြည့်လျက် တဟဲဟဲ ရယ်မောရင်းကျန်ရစ်ခဲ့လေသည်။ သို့သော်လည်း ကိုဘဒင် လယ်တစ်ကွက်ကျော်သို့ရောက်သွားလျှင်ပင် ကျေကျေနပ်နပ်ကြီးဟနေသော ကိုဆေးရိုး၏ပါးစပ်မှာ ပိတ်သွားရ၏။ မျက်လုံးအစုံဝယ် ထိတ်လန့်ခြင်းတို့ပေါ်ပေါက်ယှက်သန်းလာကာ လက်နှစ်ဖက်မှာ မြက်သူခိုးပစ်ထားခဲ့သောမြက်များကို အလျင်စလို သိမ်းဆည်းနေမိတော့သည်။

ကိုဆေးရိုးသည် အိမ်သို့ပြန်ပြီး အမြန်ဆုံးဆောင်ရွက်ရမည့်တာဝန်ကို တွေးတောမိသောကြောင့် အရယ်ရပ်ကာ မြက်များကို စုစည်းပြီး မိမိရိတ်ထားခဲ့သော မြက်များရှိရာ ကန်သင်းဘက်သို့ ပြေးလာခဲ့လေ၏။ မြက်များကိုစီ၍ စဉ်၍ ချနေရသော်လည်း ကျီးဒန်များ ကျိတ်၍ကျိန်ဆဲနေပြီလားဟု စိတ်ကထင့်နေသည်။ လက်ကမြက်ထုံးကို ကျစ်ကျစ်ပါအောင် ဆွဲထုံးနေရပေမယ့် စိတ်ကအိမ်သို့ရောက်နေကာ သပိတ်ယူမည့်ဖောက်သည်များ ရောက်နေနှင့်ပြီလားဟု စိုးနှောင့်နေ၏။ အကယ်၍သာ သပိတ်ယူမည့်ဖောက်သည်က မစောင့်နိုင်ဘဲ ပြန်သွား၍ ယနေ့ ငွေမရသော်ဟူသော အတွေးကွန်ရက်က ထပ်မံဖြန့်ကြက်လာပြန်သောကာလတွင် ကိုဆေးရိုးမှာ မြက်ထုံးကြီးများကို တစ်ဖက်တစ်လုံး ထမ်းပိုးဖြင့် ထိုးစိုက်ထမ်းထားလျက်က ခပ်သွက်သွက် ပြေးလှမ်းနေမိလျက်သားဖြစ်သွားလေ၏။ ယနေ့သာ ငွေမရလိုက်လျှင် အမတော်ကြေး မဆပ်နိုင်သည်က အရေးမကြီးပေ။ စပါးပေါ်ချိန် နောက်အရစ်ကျမှဆပ်လျှင် ဖြစ်သော်လည်း ကောက်စိုက်စည်းခေါင်း ကိုပွကြီးကမူ သည်းခံလိမ့်မည်မဟုတ်။ ယနေ့ပေးပါမည် ကတိခံထားပြီးမှ မပေးသော် မအေ၊ နှမ မိုးမွှန်အောင် ဆဲချေတော့မည်။

ကိုပွကြီးနှင့် ကိုဆေးရိုးမှာ ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြ၏။ ဆဲမနာဆိုမနာတည်း။ သို့သော် ဆဲမနာ ဆိုမနာဟု နားလည်တိုင်း ဖိ၍ဖိ၍ မြိန်ရေရှက်ရေ ဆဲပြန်တော့လည်းနာ၏။ မိမိလုပ်စာကို စားမသွားရရှာသော မိခင်ကြီးက မိမိအတွက် အချောင်အဆဲခံရသည်မှာ တွေးကြည့်လျှင် ရင်နင့်စရာကောင်း၏။ မိမိက တစ်ပြားဖိုးတစ်ကျပ်ဖိုးမျှ မကူညီမထောက်ပံ့နိုင်သောနှမကိုလည်း အဆစ်မပါစေချင်ပေ။ ထို့ပြင် ပေးစရာရှိသည်ကို ပေးဆပ်လိုက်ရခြင်းကကောင်း၏ဟုထင်သည်။ ဤတွေးတောမှုများကြောင့်ပင် ကိုဆေးရိုးမှာ မှန်မှန်လှမ်းမနေနိုင်ပေ။ အရိပ်ကောင်းသော ရှားပင်ပေါင်းမှာလည်း ရပ်နားမနေအားပေ။

"ဗျို့.. ရီးဆေးရိုး၊ မနားတော့ဘူးလားဗျ"

နေအတန်မြင့်ပြီးသည့်တိုင်အောင် ပေါင်းကူးတံတားလက်ရန်းပေါ်တွင် စီတန်းထိုင်ပြီး တွေ့ကရာရှစ်သောင်းပြောဆိုလျက် အချိန်ဖြုန်းနေကြသော မြက်ရိတ်သမားများက လှမ်းအော်သည်ကိုပင် ကိုဆေးရိုးက စကားပြန်မပြောခဲ့ပေ။ အိမ်သို့ရောက်ချင်ဇောဖြင့်သာ အသော့နှင်လာခဲ့၏။

မိမိက အိမ်သို့ တရကြမ်းပြေးလာသလို အိမ်သူဇနီးကလည်း တဲဝမှနေ၍ ခေါင်းကလေး ပြူတစ်ပြူတစ်ဖြင့် မျှော်စောင့်နေသည်ကိုတွေ့ရ၏။ အိုးဖုတ်သောဖိုပေါ်မှာ မံထားသော ရွှံ့နှင့်စပါးမှော်ရောကျုံထားသည့် အိုးကွဲအချပ်ကြီးကို ဖယ်ထုတ်ပြီး ဖိုထဲကသပိတ်များကို အပြင်သို့ သယ်ထုတ်ရသောအလုပ်မှာ ကြီးကျယ်လှသည်တော့မဟုတ်။ သို့သော် တစ်ယောက်တည်းလုပ်၍ မရပေ။ လိမ္မာ၍ ကြင်နာသောသမီးကြီး ချောစိန်မှာလည်း သူ့အိုးသူ့အိမ်နှင့် ဖြစ်သွားပြီမဟုတ်ပါလား။

အသက်ကြီးခါမှ ကိုယ်ခွဲလက်ခွဲကင်းမဲ့ခဲ့ရသော ကိုဆေးရိုးတို့မှာ ဖုတ်ပြီးကျက်ပြီးသား သပိတ်ကိုပင် လင်မယားနှစ်ယောက် ပြိုင်တူမရှိဘဲနှင့် ဖိုထဲမှဖိုပြင်သို့ မထုတ်နိုင်သောအခြေသို့ ဆိုက်ရောက်နေကြရပေပြီ။ သို့ကြောင့်လည်း ကိုဆေးရိုးက အိမ်သို့ အသော့ပြေးလာသလို မကျီးဒန်ကလည်း ကိုဆေးရိုးကို စောင့်စားနေမိခြင်းဖြစ်သည်။

"စောင့်လိုက်ရတာတော်"

မကျီးဒန်က ဆီး၍အပြစ်တင်ခြင်းမဟုတ်။ သပိတ်ယူမည့် အိုးဖောက်သည်က ဆီးကြိုအပြစ်တင်လိုက်ခြင်းဖြစ်၏။ မကျီးဒန်သည် ချောစိန်အိမ်ခွဲထွက်သွားကတည်းက ကိုဆေးရိုးကို ယခင်ကလို ဗျစ်တောက်ဗျစ်တောက်ဖြင့် မမြည်တွန်တော့ပေ။ အဘယ်မျှပင် သားသမီး၊ မြေးမြစ်တို့ ခြံရံသော်လည်း နောက်ဆုံးတော့ သည်လင်နှင့် သည်မယားသာလျှင် အားကိုးမှီတွယ်စရာ စစ်မှန်ကြောင်း သဘောပေါက်လာကာ ကိုဆေးရိုး၏ တော်ရုံတန်ရုံအမှားများကို ခွင့်လွှတ်လာခဲ့၏။

"ထားခဲ့ ထားခဲ့၊ ကျုပ်သွင်းလိုက်မယ်"

မကျီးဒန်က မြက်ထုံး နှစ်ထုံးကို တဲရှေ့မှာပင် ချထားခဲ့ရန်ပြောသည်။

"နေပါစေဟာ တစ်လက်စတည်း သွင်းလိုက်ပါ့မယ်"

ကိုဆေးရိုးက မြက်ထုံးနှစ်ထုံးကို နန်းတိုင်ရှိသော အဖီကလေးထဲသို့ ထမ်းသွင်းလိုက်၏။ ထိုအချိန်တွင် နွားတင်းကုပ်တွင်းမှ တဗုန်းဗုန်း အသံများထွက်လာသည်။ ခိုင်းနွားကြီးနှစ်ကောင်မှာ နွားတင်းကုပ်အပြင်ဘက်သို့ ကြိုးတစ်ဆုံးဆုတ်ကာ မြေကိုခွာဖြင့်ယက်လျက် မြူးထူးနေကြ၏။ ကိုဆေးရိုးက နွားနှစ်ကောင်ကို ခါးထောက်ပြီး ကြည့်လိုက်သည်။

"အင်း ... မင်းတို့ကတော့ လယ်ပိတ်ကတည်းက စားပြီးအိပ်၊ အိပ်ပြီးစားရလို့ ခွာတွေဘာတွေယက်ပြီး မြူးနေနိုင်ပြီပေ့ါလေ။ အေး.. ဒီမှာတော့ မင်းတို့စားဖို့ မြက်သွားထမ်းရာက ပြန်ရောက်ရုံရှိသေးတယ် အခု တိုက်ဖွင့်ရဦးမယ်"

နွားကြီးနှစ်ကောင်သည် ကိုဆေးရိုး၏စကားကို နားလည်ဟန်ဖြင့် ကိုဆေးရိုးအား နားရွက်နှစ်ဖက်ထောင်လျက် လှမ်းကြည့်နေကြ၏။

"ကိုဆေးရိုး"

"ဗျို့"

"လုပ်တော့လေ၊ တော်တော်ကြာ ကျွန်မပြန်ရမှာ နေပူနေလိမ့်မယ်ရှင့်"

အိုးဖောက်သည်၏အသံ လောဆော်ထွက်ပေါ်လာသဖြင့် ကိုဆေးရိုးမှာ "ဟုတ်ကဲ့၊ ဟုတ်ကဲ့"ဟုအော်လျက် အဖီကလေးထဲမှ ပြေးထွက်လာကာ အိုးဖိုဘက်သို့ ပြေးလာခဲ့သည်။ မကျီးဒန်ကလည်း ပုဆိုးစုတ်တစ်ထည်ကို ခေါင်းပေါင်းလျက် တဲတွင်းမှထွက်လာ၏။

"ကျီးဒန်၊ တက်မနင်းမိပစေနဲ့နော်။ ညနေကျ ပြန်သုံးရဦးမှာ"

ကိုဆေးရိုးက ရွှံ့ဖြင့်ဇော်ဂျီမံထားသော စပါးမှော်ချပ်ကို ထက်ပိုင်းပိုင်းပြီး စောင်ရန်းတန်း (ဝင်းခြံ)တွင် မှေးထောင်ထားရာက လှမ်းပြောလိုက်သည်။ လယ်သမားဖြစ်ပေမင့် စပါးမှော်မှာ လိုချင်သောအခါတွင် အရှာရခက်သည့်အတွက် ပြောလိုက်ခြင်းဖြစ်သည့်အပြင် ညနေတွင်လည်း သပိတ်များပင်ထပ်၍ ဖုတ်ရဦးမည်ဖြစ်သောကြောင့် ထပ်မရှာရရန်ပြောခြင်းဖြစ်ပေ၏။

"သပိတ်သုံးရာဆိုတော့ မကျက်တာတို့ ကွဲတာ နာတာက ငါးဆယ်၊ ဖောက်သည်ပယ်တာက ငါးဆယ်ဆိုရင် နှစ်ရာတော့ တင်ကောင်းပါရဲ့"

မကျီးဒန်က ကိုဆေးရိုး ဖိုပေါင်ပေါ်သို့ တင်ပေးသော အိုးခြမ်းကွဲအစများကို ဘေးသို့ပယ်ချရင်း နှုတ်တွက်တွက်နေသည်။

"သပိတ်နှစ်ရာ ငွေခြောက်ဆယ်ဆိုတော့ ရွာသစ်ကြီးမှာ ဈေးဖိုးက ခြောက်ကျပ်၊ ကိုပွကြီးကို ပေးလိုက်ရင် ရေနံ့ဝယ်စရာ ကျန်တော့မှာမဟုတ်ဘူး"

"ရေနံကို နောက်တစ်ဖိုကျမှ ဝယ်ဟာ၊ ဟင်းချက်စရာမရှိလည်း ဆားဖြူးစားရအောင် ဟ..ဟ.. ဟင်"

ကိုဆေးရိုးသည် မကျီးဒန်ကို လှမ်းပြောရင်းက သပိတ်တစ်လုံးကို ဖိုပေါင်ပေါ်သို့ ရွှေ့တင်လိုက်ရာ ကြွေမွသွားသဖြင့် ယောင်အော်လိုက်မိလေ၏။

"အကျိုးတော့နည်းပြီထင်တယ်ဟေ့"

ကိုဆေးရိုးမှာ စိတ်မချမ်းသာသောအသံကြီးဖြင့် ရေရွတ်ရင်း သပိတ်များကို ဖော်ယူ၏။ ကိုင်ရုံနှင့်အက်သွားသော သပိတ်၊ မကွဲသော်လည်း ဒေါင်ဒေါင်မမြည်၍ ဖောက်သည်လက်မခံမည့် သပိတ်များချည်းသာဖြစ်နေ၏။

"အင်း ... သေသေချာချာကြည့်လျက်နဲ့ ဘယ်သူများ ဆီးဖြူသားလာထည့်သွားတယ်မသိဘူး ကျီးဒန်ရယ်"

ကိုဆေးရိုး၏တစ်ကိုယ်လုံးမှာ ကျပ်ခိုးနှင့်ချွေးတို့လူးကျံနေ၏။ ကိုဆေးရိုးမှာ အိုးဖိုဘေးတွင် ခြေပစ်လက်ပစ်ထိုင်ကာ ညည်းနေတော့သည်။ သပိတ်မှာ ကျွန်းသားထင်းဖြင့်ဖုတ်မှ မည်းသဖြင့် ရွာနားက ကျောင်းပျက်၊ ဇရပ်ပျက်များကို မလျော်မှန်းသိသော်လည်း ဆွဲသုံးနေရ၏။ ကျွန်းသားထဲတွင် ဆီးဖြူသားထင်းကလေးတစ်ချောင်းပါသွားလျှင် တစ်ဖိုလုံး လွှင့်ပစ်ရလေ့ရှိ၏။ ယခုလည်း မိမိဘာသာမျက်စိလျှံပြီး ထည့်မိသလား၊ တစ်ပါးသူတို့ ဝင်ထည့်သွားသလားမသိ။ ငွေခြောက်ဆယ်ထက်မနည်းတန်သော သပိတ်များ လွှင့်ပစ်လိုက်ရပေပြီ။

"ဟင်... ရှင့်သပိတ်တွေက တစ်လုံးမှ မကောင်းပါပဲလား"

အိုးဖောက်သည်က သပိတ်များကို လာရောက်တီးခေါက်ကြည့်ရင်း ပြောလိုက်၏။ ကိုဆေးရိုးနှင့် မကျီးဒန်တို့မှာ အိုးဖောက်သည်ကို မျက်လုံးကြီးပြူး၍သာကြည့်နိုင်သည်။ ပါးစပ်က ဘာကိုမျှမဆိုနိုင်ကြ။ သူတို့နားထဲတွင် ရွာသာကြီးရှိ ကုန်စုံဆိုင်ရှင်၏ရေရွတ် ကြိမ်းမောင်းသံနှင့် ကောက်စိုက်စည်းခေါင်း ကိုပွကြီး၏ မအေ၊ နှမ ကော်တုတ်သံတို့သာလျှင် စည်ဝေဆူညံလျက်ရှိချေသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် စာမျက်နှာအချပ်ပို လေးမျက်နှာဖြင့် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

အရင်အပတ်က Unit 2: Lesson: 2 Talking about families အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 2: Lesson: 3 My best friend နဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။

### Unit 2: Lesson: 3 My best friend

**Present Simple & Talking about a friend**

#### Present Simple (V1)

အမြဲတမ်းမှန်ကန်သည့် အကြောင်းအရာ၊ ပုံမှန်လုပ်လေ့လုပ်ထရှိတဲ့ အကြောင်းအရာနှင့် ပုံမှန်ဖြစ်ပျက်တဲ့အကြောင်းအရာများကို ဖော်ပြပြောဆိုရာတွင် Present Simple ကို သုံးရသည်။

အောက်ပါပုံစံများကို လေ့လာပါ။

| Positive form | Negative form | Question form |
|---|---|---|
| I do homework. | I do not do homework. | Do you do homework? |
| We do homework. | We do not do homework. | Do you do homework? |
| You do homework. | You do not do homework. | Do you do homework? |
| They do homework. | They do not do homework. | Do they do homework? |
| He does homework. | He does not do homework. | Does he do homework? |
| She does homework. | She does not do homework. | Does she do homework? |
| Negative short form – do not/ don't , does not/ doesn't | | |

**အောက်ပါဥပမာဝါကျများကို လေ့လာပါ။**

1. The sun rises in the east. (things that are true and do not change အမြဲတမ်းမှန်ကန်တဲ့အကြောင်းအရာ)
2. We go to school every day. (something that happens regularly လက်ရှိဖြစ်ပျက်တဲ့အကြောင်းအရာ)
3. I always get up early morning. (things that we do regularly ပုံမှန်လုပ်လေ့လုပ်ထရှိတဲ့ အကြောင်းအရာ)

**မှတ်ရန်။** ။

ဝါကျတွေရေးဖွဲ့တဲ့အခါမှာ Subject Verb agreement ကို သိထားရပါမယ်။ Subject က အနည်းကိန်း (တစ်ခု၊ တစ်ကောင်၊ တစ်ယောက်) ဖြစ်နေရင် Verb ကို အနည်းကိန်းရေးရပါတယ်။

Subject က အများကိန်း (တစ်ခု၊ တစ်ကောင် တစ်ယောက်ထက်ပိုနေတယ်ဆိုရင် Verb ကို အများကိန်း ရေးရပါတယ်။ Verb ကို အနည်းကိန်းပြောင်းရေးရင် s, es, ies ထည့်ပေးရပါတယ်။ Verb ကို ဘာမှထည့်မထားဘူးဆိုရင် အများကိန်းပုံစံလို့ ယူဆရပါတယ်။ ဒီတော့ Verb အနည်းကိန်း ပြောင်းနည်းပုံစံကို လေ့လာကြည့်ပါ။

### Verb အနည်းကိန်းပြောင်းနည်း

- Verb အများစုကို အနည်းကိန်းပြောင်းပါက "s" ပေါင်းထည့်ပေးရသည်။
- Verb သည် s, ss, sh, ch, x, o ဆုံးရင် "es" ပေါင်းထည့်ပေးရသည်။
- Verb သည် y နဲ့ဆုံးပြီး y ရှေ့မှာ " a, e, i, o, u" ပါရင် y ကို "s" ပေါင်းပါ။ y ရှေ့မှာ ဗျည်းရှိရင် y ကိုဖြုတ်ပြီး "ies" ပေါင်းပါ။

**(1) အောက်ပါကြိယာများကို အနည်းကိန်းပုံစံ ပြောင်းပါ။**

1. go ____ 2. take ____ 3. buy ____ 4. watch ____
5. say ____ 6. come ____ 7. write ____ 8. play ____
9. study ____ 10. sleep ____ 11.wash ___ 12. see ____

**(2) Change the following into negative.**

1. I read the newspaper. ___________.
2. We like fish. ___________.
3. You listen to music. ___________.
4. They buy a new car. ___________.
5. He does housework. ___________.
6. She helps others. ___________.
7. It drinks milk. ___________.

**(3) အောက်ပါတို့ကို အင်္ဂလိပ်လိုရေးပြပါ။**

၁။ ကျော်ကျော် နံနက်စောစော အိပ်ရာထသည်။ (get up)
၂။ မော်မော် နံနက်တိုင်း ဈေးသွားသည်။ (go to market)
၃။ ဦးလေး နေ့တိုင်း လေ့ကျင့်ခန်းလုပ်သည်။ (do exercises)
၄။ ဒေါ်လေး အဝတ်လျှော်သည်။ (wash the clothes)
၅။ ဖြူဖြူ တင်းနစ်ကစားသည်။ (play tennis)
၆။ ကိုကို နေ့တိုင်း အိမ်စာလုပ်သည်။ (do homework)
၇။ မေမေ နေ့တိုင်း ကျွန်တော်တို့အတွက် ထမင်းချက်သည်။(cook rice for us)
၈။ ဖေဖေ နေ့တိုင်း ရုံးသွားသည်။ (go to office)
၉။ နေသည် အနောက်ဘက်သို့ ဝင်သည်။ (set in the west)
၁၀။ဦးလှ ကားမောင်းသည်။ (drive a car)

#### Speaking Practice

**4. Answer the following questions.**

1.How old are you? __________
2. Where do you live, in a flat or a house? __________
3. What does your father do? __________
4. How many brothers and sisters do you have? __________
5. When do you get up in the morning? __________
6. What do you have for breakfast? __________
7. How do you go to school? __________
8. What do you do after school? __________
9. What do you do after dinner? __________
10. When do you go to bed? __________

(Student A နဲ့ Student B အပြန်အလှန် အမေး၊ အဖြေလေ့ကျင့်ပါ။)

#### Writing Practice

**5. အထက်ပါမေးခွန်းများကို အတန်းဖော်သူငယ်ချင်း ၃ ယောက်ကို လိုက်လံမေးမြန်းပါ။ ပြီးနောက် မိမိနှင့်သက်ရာ သူငယ်ချင်းတစ်ယောက်အကြောင်းကို စာပိုဒ်တစ်ပိုဒ် ပြန်လည်ရေးသားပါ။**

My friend

___________________________________________

___________________________________________

___________________________________________

(လာမည့်အပတ်တွင် Unit 2: Lesson: 4 Daily Routine အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။)

## Grade 7

အရင်အပတ်က Unit 2: Lesson: 1 Keeping good habits (အကျင့်ကောင်းများ မွေးမြူခြင်း)အကြောင်းကို ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ဒီအပတ်မှာတော့ Unit 2: Lesson: 2 Getting rid of bad habits အကြောင်းကို ရှင်းပြသွားမှာ ဖြစ်ပါတယ်။ ဒီသင်ခန်းစာက စာဖတ်စွမ်းရည်ကို ဦးစားပေးတဲ့ သင်ခန်းစာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူတွေ နားလည်နိုင်စေဖို့ သင်ခန်းစာပါအကြောင်းအရာတွေကို မြန်မာလို ဘာသာပြန်ပေးထားပါတယ်။

#### Lesson 2: Getting rid of bad habits အကျင့်ဆိုးများကို ဖယ်ရှားခြင်း

* talking about bad habits အကျင့်ဆိုးများအကြောင်း ပြောခြင်း။

**What is a habit? အလေ့အကျင့်ဆိုတာ ဘာလဲ။**

**Read the following text and say which habits are good and which are bad. အောက်ပါစာပိုဒ်ကို ဖတ်၍ မည်သည့်အမူအကျင့်က ကောင်းပြီး မည်သည့်အမူအကျင့်က ဆိုးကြောင်း ပြောပါ။**

A habit is something which we do often and regularly. And most of the time, we do not know we are doing it. For example. some people crack their knuckles now and then unknowingly; some twiddle a pen or a pencil while thinking seriously something; some blink every time they begin to say something. All those three are habit. Let us now look at a few habits.

အလေ့အကျင့်ဆိုတာ ကျွန်ုပ်တို့ မကြာခဏဖြစ်စေ၊ ပုံမှန်ဖြစ်စေ ပြုလုပ်တဲ့ အလုပ်တစ်ခုဖြစ်ပါတယ်။ ပြီးတော့ အချိန်အများစုမှာ ကျွန်ုပ်တို့ ဒါကို လုပ်နေကြတယ်ဆိုတာ မသိကြပါဘူး။ ဥပမာအားဖြင့် တချို့လူတွေက လတ်တလော အမှုမဲ့ အမှတ်မဲ့ လက်ဖျောက်တီးတယ်။ တချို့တွေက တစ်စုံတစ်ရာကို စဉ်းစားတွေးတောတဲ့အခါမှာ ဘောပင်၊ ခဲတံတွေကို ထိကိုင်ကစားတယ်။ တချို့တွေက တစ်စုံတစ်ခုကို ပြောဖို့စတင်တဲ့အချိန်မှာ မျက်တောင်ခတ်ကြတယ်။ ဒီအချက် သုံးချက်လုံးဟာ အလေ့အကျင့်၊ အမူအကျင့်တွေဖြစ်ကြတယ်။ ဒါဆိုအခု ကျွန်ုပ်တို့ အလေ့အကျင့်အနည်းငယ်ကို လေ့လာကြည့်ကြရအောင်။

#### 1. Munching peanuts or potato chips

If we munch peanuts or potato chips as a habit, our body will! be taking in starch and fat more than we need. Too much of starch and fat can harm our health. Thus, munching peanuts or potato chips as a habit is not good.

**(၁) မြေပဲ(သို့) အာလူးကြော်များကို အလွန်အကျွံစားခြင်း**



အကယ်၍ ကျွန်ုပ်တို့သည် မြေပဲနှင့် အာလူးကြော်တွေကို ပြင်းပြင်းထန်ထန်စားတဲ့အကျင့်ရှိမည်ဆိုလျှင် ကျွန်ုပ်တို့ခန္ဓာကိုယ်မှာ လိုအပ်တဲ့ ကစီဓာတ်ထက် ပိုမိုရရှိပြီး ပိုဝလာပါလိမ့်မယ်။ ကစီဓာတ်များခြင်းနဲ့ အဝလွန်ခြင်းက ကျွန်ုပ်တို့ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ဒါကြောင့် မြေပဲတွေ၊ အာလူးကြော်တွေကို အလွန်အကျွံစားခြင်း အကျင့်သည် မကောင်းပါ။

#### 2. Listening to loud music

First, listening to loud music for hours on end is not good for our ears. It can harm our hearing ability. Second, loud, music can disturb or annoy others who do not like loud music. So you may decide to use earphones, large or small. Doing this for a long time can certainly lead to total loss of hearing. Thus , this habit is good neither for you nor others around you.

**(၂) သီချင်းသံကျယ်ကျယ်နားထောင်ခြင်း**



ပထမအနေဖြင့် သီချင်းသံကျယ်ကျယ်ကို အချိန်တော်တော်ကြာ နားထောင်ခြင်းသည် ကျွန်ုပ်တို့ နားများအတွက် မကောင်းပါ။ ၎င်းသည် ကျွန်ုပ်တို့၏ အကြားစွမ်းရည်ကို ထိခိုက်စေနိုင်သည်။ ဒုတိယအနေဖြင့် သီချင်းသံကျယ်ကျယ်သည် ကျယ်လောင်သောသီချင်းသံကို မကြိုက်သော သူများကို စိတ်အနှောင့်အယှက်ဖြစ်စေသည်။ ဒါကြောင့် နားကြပ်အကြီး(သို့) အသေးကို အသုံးပြုရန် သင်ဆုံးဖြတ်နိုင်ပါတယ်။ ဒါကို အချိန်ကြာကြာ ပြုလုပ်ခြင်းက အကြားအာရုံ လုံးဝဆုံးရှုံးဖို့ ဦးတည်ပါတယ်။ ဒါကြောင့် ဒီအလေ့အကျင့်က သင့်အတွက်လည်း မကောင်းသလို သင့်ပတ်ဝန်းကျင်က လူများအတွက်ပါ မကောင်းပါ။

#### 3. Littering

When people go on a picnic they usually take along with them food and drinks. Then at the picnic they have a good feed And when the time comes for them to go home, they just leave all the litter such as empty soft drink cans, singie- use cups and plates, and Styrofoam boxes in which they brought their food. This habit of littering is not good either.



**(၃) အမှိုက်ဖွခြင်း**

လူတွေ ပျော်ပွဲစားထွက်တဲ့အခါ သူတို့နဲ့အတူ စားစရာ၊ သောက်စရာတွေကို ယူဆောင်သွားလေ့ရှိကြတယ်။ ထို့နောက် ပျော်ပွဲစားမှာ သူတို့ ကောင်းကောင်းစားကြတယ်။ ပြီးတော့ သူတို့ အိမ်ပြန်ချိန်ရောက်တဲ့အခါ သူတို့ဟာ အချိုရည်ဘူးခွံတွေ၊ တစ်ခါသုံးခွက်တွေနဲ့ ပန်းကန်တွေ အစရှိတဲ့ အမှိုက်တွေကို သူတို့စားစရာတွေထည့်လာတဲ့ ပလတ်စတစ်ဘူးကြီးနဲ့ ပျော်ပွဲစားထွက်တဲ့ နေရာမှာ ထားခဲ့ကြတယ်။ ဒီအမှိုက်ဖွတဲ့ အကျင့်သည်လည်း မကောင်းပါ။

There ar many other bad habit such as smoking, taking illegal drugs and using dirty language. Of course there are many good habits like the seven good habits given in the previous lesson. Being polite, thankful, generous, and kind are all good habits. Therefore, we must get rid of any bad habit, and keep all good habits.

ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ တရားမဝင် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ရိုင်းစိုင်းသောစကားလုံးများပြောခြင်း အစရှိတဲ့ အခြားအကျင့်ဆိုးများစွာလည်းရှိပါတယ်။ ပြီးခဲ့တဲ့သင်ခန်းစာတွင် ပေးခဲ့သော အကျင့်ကောင်း (၇)ချက်ကဲ့သို့ ကောင်းသောအလေ့အကျင့်များစွာလည်းရှိပါတယ်။ ယဉ်ကျေးခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ သဘောထားကြီးခြင်းနှင့် ကြင်နာခြင်းများအားလုံးသည် အကျင့်ကောင်းများဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အကျင့်ဆိုးများကို ဖယ်ရှားသင့်၍ အကျင့်ကောင်းများကို မွေးမြူရမည်။

(ဆက်လက်ဖော်ပြပါမည်)

## Grade 8

### Unit 2

### Lesson 3: Who teaches you English?

- Subject and object questions

Grammar

**Subject question**

Subject ပြုလုပ်သူကို မေးသော အမေးဝါကျပုံစံ

**Who/ What + verb ….?**

(Who/ What ရဲ့အနောက်မှာ Main Verb လိုက်ရင် Subject ပြုလုပ်သူကို မေးတယ်။)

e.g. Who cleans the house? (ဘယ်သူက အိမ်ကို သန့်ရှင်းရေးလုပ်သလဲ။ ပြုလုပ်သူကို မေးတယ်။)

**Objection question**

Object ခံရသူကို မေးသော အမေးဝါကျပုံစံ

**Who/ What + Helping Verb + Subject + Main Verb…?**

(Who/ What ရဲ့အနောက်မှ Helping Verb + Subject + Main Verb ရှိနေရင် Object ခံရသူကို မေးတယ်။)

e.g. Who did you see yesterday? (မင်းမနေ့က ဘယ်သူ့ကို တွေ့ခဲ့သလဲ။ ခံရသူကို မေးတယ်။)

Exercises

(A) Write "Subject" or "Object" in the gaps accordingly.

1. Who is knocking on the door? 1. _______
2. What do you want? 2. _______
3. Who do you want to see? 3. _______
4. Who can go shopping? 4. _______
5. What will I give him? 5. _______
6. Who cooks dinner every day? 6. _______
7. Who are you talking to? 7. _______
8. Who will show us the way? 8. _______
9. Who gave you that? 9. _______
10. What is she studying now? 10. _______

B. Make object or subject questions.

1. The car is in the garage. (subject question)
_______________________________________.
2. My sister loves ice cream. (object question)
_______________________________________.
3. The car key was on the table. (subject question)
_______________________________________.
4. The Children are in the playground. (subject question)
_______________________________________.
5. The students are from Mandalay. (object question)
_______________________________________.
6. The food was on the table. (subject question)
_______________________________________.
7. Min Min reads the text book. (object question)
_______________________________________.
8. Mother bought some vegetables. (subject question)
_______________________________________.
9. U Kyaw teaches English. (object question)
_______________________________________.
10. Father is talking to his friend Uncle Soe. (objection question)
_______________________________________.

++++++++++++++++++++++++

## Grade 9 (စနစ်ဟောင်း)

### Present Perfect (has , have + V3)

မကြာသေးမီက ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ဖော်ပြပြောဆိုရာတွင် Present Perfect Tense ကို သုံးရသည်။ လုပ်ဆောင်၊ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာနှင့်ပတ်သက်ပြီး အကျိုးဆက်ကျန်သည်။

(အကျိုးဆက်ကျန်တယ်ဆိုရင် Present Perfect Tense ကို သုံးရတယ်။ အကျိုး ဆက်ပြတ်သွားတယ်ဆိုရင် Past Tense ကို သုံးရတယ်။)

အကျိုးဆက်ကျန်တယ်ဆိုတာကို ဥပမာပြောရရင်

**ကျွန်တော်ထမင်းစားပြီးပြီ** ဆိုပါစို့။ အဲဒီလုပ်ရပ်ရဲ့ အကျိုးဆက်က ဗိုက်ပြည့်နေတယ်။ ထပ်စားလို့ မရတော့ဘူး။ ဒါဆို အကျိုးဆက်ကျန်တဲ့အတွက် Present Perfect Tense ကို သုံးပြီးရေးသားရပါတယ်။ တိကျတဲ့အချိန် ဖော်ပြလို့မရ။

e.g. I have had a meal. (**ကျွန်တော်ထမင်းစားပြီးပြီ။**)

Past Tense (V2) နဲ့ရေးသားမယ်ဆိုရင် အကျိုးဆက်မကျန်တော့ဘူး။ အကျိုးဆက်ပြတ်သွားပြီ။ ကျွန်တော်ထမင်းစားခဲ့တယ်။ အတိတ်တစ်ချိန်မှာ စတင်စားခဲ့တယ်။ အဲဒီအတိတ်တစ်ချိန်မှာပဲ ပြီးဆုံးသွားတယ်။ ယခု စကားပြောတဲ့အချိန်ကာလအထိ အကျိုးဆက်ဘာမှမရှိဘူး။

e.g. I had a meal at 10 o' clock. (**ကျွန်တော် ၁၀ နာရီမှာ ထမင်းစားခဲ့တယ်။**)

ဥပမာနောက်တစ်ခုထပ်ကြည့်ပါဦး…

e.g. It has rained.

မိုးရွာသွားပြီ။ (သို့မဟုတ်) မိုးရွာပြီးပြီ။ Present Perfect Tense နဲ့ရေးတဲ့အတွက် အကျိုးဆက်ကျန်ရမယ်။ အကျိုးဆက်အနေနဲ့ မြေကြီးပေါ်မှာ စိုစွတ်နေရမယ်။ အဲဒါက မိုးရွာခြင်းရဲ့ အကျိုးဆက်ပဲ။

e.g. It rained at 2 o' clock.

၂ နာရီမှာ မိုးရွာခဲ့တယ်။ အကျိုးဆက်ပြတ်တယ်။ ဘာအကျိုးဆက်မှ မကျန်ဘူး။ အခုစကားပြောတဲ့အချိန်မှာ မြေကြီးပေါ်မှာ စိုစွတ်မှုမရှိတော့ဘူး။ ဒါက အကျိုးဆက်ပြတ်တဲ့သဘော။

ပိုပြီးရှင်းသွားအောင် နောက်ထပ်ဥပမာတစ်ခု ကြည့်ပါဦး။

e.g. There has been a car accident at the corner of the road.

လမ်းထောင့်မှာ ကားမတော်တဆမှုတစ်ခုဖြစ်သွားပြီ။ ပြောတဲ့အချိန်အထိ အကျိုးဆက်ကျန်တယ်။ ကားတိုက်သွားတဲ့အတွက် အကျိုးဆက်အနေနဲ့ ကားမှန်ကွဲတွေ လမ်းမပေါ်မှာ ရှိနေသေးတယ်။ ကားနှစ်စီးကလည်း လမ်းမပေါ်မှာ ရှိနေသေးတယ်။ ဒါတွေဟာ ကားတိုက်မှုရဲ့ အကျိုးဆက်ပါပဲ။


e.g. There was a car accident at the corner of the road.

လမ်းထောင့်မှာ ကားမတော်တဆမှု တစ်ခုဖြစ်ခဲ့တယ်။ အကျိုးဆက်အနေနဲ့ ဘာမှမကျန်တော့ဘူး။ ကားမှန်ကွဲတွေ၊ ကားတွေ မရှိတော့ဘူး။ လမ်းမပေါ်မှာ ကားတိုက်ခဲ့တဲ့ အကျိုးဆက်မရှိတော့ဘူး။

နောက်ထပ်ဥပမာ တစ်ခုကြည့်ပါ။

e.g. **Mother has washed the dirty shirt.**

မေမေ ညစ်ပတ်ပေကျံနေတဲ့ အကျႌကို လျှော်ဖွပ်ပြီးပြီ။ ဒီအကျိုးဆက်က အကျႌသန့်ရှင်းတောက်ပြောင်သွားပြီ။




e.g. I **have done** my homework.
(ကျွန်တော်အိမ်စာလုပ်ပြီးပြီ။)
I **have not / haven't done** my homework.
(ကျွန်တော်အိမ်စာ မလုပ်ရသေးပါ။)
**Have** you **done** your homework?
(သင် အိမ်စာလုပ်ပြီးပြီလား။)
**Haven't** you **done** your homework?
(သင် အိမ်စာမလုပ်ရသေးဘူးလား။)
Who **has done** homework?
(ဘယ်သူ အိမ်စာလုပ်ပြီးပြီလဲ။)
What **have** you **done?**
(သင် ဘာလုပ်ပြီးပြီလဲ။)

e.g. She **has bought** a car.
(သူ ကားတစ်စီးဝယ်ပြီးပြီ။)
She **has not / hasn't bought** a car.
(သူ ကားတစ်စီး မဝယ်ရသေးပါ။)
**Has** she **bought** a car?
(သူ ကားတစ်စီး ဝယ်ပြီးပြီလား။)
**Hasn't** she **bought** a car?
(သူ ကားတစ်စီး မဝယ်ရသေးဘူးလား။)
Who **has bought** a car?
(ဘယ်သူ ကားတစ်စီး ဝယ်ပြီးပြီလဲ။)
What **has** she **bought?**
(သူ ဘာဝယ်ပြီးပြီလဲ။)

**အောက်ပါဝါကျများကို အင်္ဂလိပ်လို ပြန်ရေးပြပါ။**

၁။ ကျွန်တော် စာကျက်ပြီးပြီ။ (study lessons)
_______________________________________.
၂။ သူတို့ ဘောလုံးကစားပြီးပြီ။ (play football)
_______________________________________.
၃။ ကျွန်တော်တို့ ညစာစားပြီးပြီ။ (have dinner)
_______________________________________.
၄။ စုစု ကားသစ်တစ်စီး ဝယ်ပြီးပြီ။ (buy a new car)
_______________________________________.
၅။ ကိုကို ရေချိုးပြီးပြီ။ (take a shower)
_______________________________________.
၆။ မေမေ အဝတ်လျှော်ပြီးပြီ။ (wash the clothes)
_______________________________________.
၇။ ဖေဖေ ကော်ဖီသောက်ပြီးပြီ။ (drink coffee)
_______________________________________.
၈။ ဦးလေး သတင်းစာဖတ်ပြီးပြီ။ (read the newspaper)
_______________________________________.
၉။ ဒေါ်လေး ထမင်းချက်ပြီးပြီ။ (cook the rice)
_______________________________________.
၁၀။ ကိုမောင် သူ့ကားအဟောင်းကြီးကို ရောင်းလိုက်ပြီ။ (sell his old car)
_______________________________________.
၁၁။ ကိုကို အိမ်စာလုပ်ပြီးပြီ။ (do homework)
_______________________________________.
၁၂။ ဇင်ဇင် အက်ဆေးတစ်ပုဒ် ရေးပြီးပြီ။ (write an essay)
_______________________________________.
၁၃။ ဆရာကြီး နံနက်စာ စားပြီးပြီ။ (eat/ have breakfast)
_______________________________________.
၁၄။ မေမေ ဒေါ်ဒေါ်နဲ့ ဖုန်းပြောပြီးပြီ။ (talk on phone/ with my aunt)
_______________________________________.
၁၅။ ဖိုးဖိုး ကျွန်တော်တို့ကို ပုံပြင်တစ်ပုဒ် ပြောပြပြီးပါပြီ။ (tell a story)
_______________________________________.
၁၆။ ညီလေး ဂီတာ တီးပြီးပြီ။ (play the guitar)
_______________________________________.

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၈၄၆ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၈၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၄၇,၂၅၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာစုစုပေါင်း (၆၁၃,၇၉၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၇၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၈၅) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၁၀၁) ခု | (၉) ဦး |
| **စုစုပေါင်း** | **(၄,၈၄၆) ခု** | **(၁၄) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၀၆၀၂၂၅ | ၈၆၃၇၁၉၄၁ | ၁၀၄၈၂၃၂ |
| ၂။ | အိန္ဒိယ | ၄၃၇၁၀၀၂၇ | ၄၃၀၄၅၃၅၀ | ၅၂၅၆၀၄ |
| ၃။ | ဘရာဇီး | ၃၃၁၄၂၁၅၈ | ၃၁၄၅၁၅၉၀ | ၆၇၄၈၄၆ |
| ၄။ | ပြင်သစ် | ၃၂၇၉၅၈၇၄ | ၃၀၃၆၃၂၄၅ | ၁၅၀၄၆၈ |
| ၅။ | ဂျာမနီ | ၂၉၅၆၉၉၄၃ | ၂၇၆၃၃၀၀၀ | ၁၄၂၃၉၉ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၃၂၅၃၃၅ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၁၉၈၈၇၅၄၃ | ၁၈၂၉၄၅၁၇ | ၁၆၉၆၀၁ |
| ၈။ | တောင်ကိုရီးယား | ၁၈၆၈၀၁၄၂ | ၁၈၃၀၄၇၅၂ | ၂၄၇၁၂ |
| ၉။ | ရုရှား | ၁၈၄၈၀၉၃၄ | ၁၇၉၀၃၄၄၇ | ၃၈၁၇၉၄ |
| ၁၀။ | တူရကီယဲ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၅၉၁၄၅ | ၉၇၉၈၉၆၉ | ၄၃၀၉၀ |
| ၂။ | အင်ဒိုနီးရှား | ၆၁၂၇၀၈၄ | ၅၉၄၅၂၇၈ | ၁၅၆၈၃၃ |
| ၃။ | မလေးရှား | ၄၆၀၈၇၆၈ | ၄၅၃၄၀၁၉ | ၃၅၈၃၆ |
| ၄။ | ထိုင်း | ၄၅၅၄၉၇၆ | ၄၄၉၉၈၇၅ | ၃၀၉၆၁ |
| ၅။ | ဖိလစ်ပိုင် | ၃၇၂၅၃၈၂ | ၃၆၄၈၄၉၇ | ၆၀၆၄၁ |
| ၆။ | စင်ကာပူ | ၁၅၆၉၄၂၀ | ၁၄၅၃၃၇၃ | ၁၄၄၄ |
| ၇။ | မြန်မာ | ၆၁၃၇၉၈ | ၅၉၂၇၁၂ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၄၆၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၈၁၂၅၆ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၄၂၀ | ၁၃၃၂၇၅ | ၃၀၅၆ |

## ဘက်ရဲမြို့၌ ကျွဲ၊ နွား အရေပြားအကျိတ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

ကြံခင်း ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျွဲ၊ နွား အရေပြားအကျိတ်ရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ဘက်ရဲမြို့အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘက်ရဲမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းကိုက ကျွဲ၊ နွား အရေပြားအကျိတ်ရောဂါ၊ အာဖရိက ဝက်အပြင်းဖျားရောဂါ ကာကွယ်ပုံနည်းစနစ်များ၊ ဇီဝလုံခြုံမှုနှင့် ကျန်းမာရေးဆိုင်ရာများကို အသိပညာပေး ဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ ဘက်ရဲမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (တာဝန်ခံ) အင်ဂျင်နီယာ ဦးကျော်မြင့်နိုင်၊ ဘက်ရဲမြို့ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် မွေးမြူရေး စိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး တက်ရောက်လာသူများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ အဝေရာ(၂)လမ်း၊ မြေကွက်အမှတ်(၁၄၉၅/ခ)၊ အကျယ်အဝန်း(၂၁ပေ × ၆၀ပေ)ရှိ ဦးစိုးအောင်လေး (MYGN-028520) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးမျိုးဦး(ခ)ဦးဇော်မင်း (၁၂/တမန(နိုင်)၀၈၉၉၈၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇင်မာလှိုင် ကဝယ်ယူရန်အတွက် စရံငွေများပေးအပ်ထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| ဦးထိန်လင်းသန်း | လွှဲအပ်ညွှန်ကြားချက်အရ | ဒေါ်ပြည့်ပြည့်ဖြိုး |
|---|---|---|
| LL.B, D.B.L, D.I.L, D.M.L, | | LL.B, D.B.L, D.I.P.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂) | | တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄) |

Hein Htet San Law Firm ဖုန်း – ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၅၂၁)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် Mini ကွန်ဒိုအဆောက်အဦရှိ အခန်းအမှတ်(၁–ဘီ)၊ ပထမထပ်(တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း၊ ပထမထပ်တိုက်ခန်း)၊ အကျယ်အဝန်း(၁၀၂၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမောင်မောင်လှ [၁၂/လမတ(နိုင်)၀၁၁၇၉၃]မှ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မွန်မွန်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈) (၀၉– ၂၅၀၆၈၅၇၁၇)**
**စွမ်းမဟာအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်**
**အမှတ်(၂၇၉)၊ သုမင်္ဂလာလမ်းမ၊ တတိယထပ်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၃၂၂၁၀၂၂၊ ၀၉–၇၇၇၇၂၀၁၆၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ နှင်းဆီလမ်း၊ မြေကွက်အမှတ်(၁၅၀)၊ မြေအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးအောင်ကျော်မြင့် [၉/ညဥန(နိုင်)၀၃၇၇၅၀]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်ယဉ်ယဉ်ကြည် (LL.B) | ဒေါ်ကေကေနိုင်(LL.B) |
|---|---|
| (စဉ်–၁၁၄၀၆) | (စဉ်–၅၃၃၄၄) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉– ၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဇာနည်(၁၅)လမ်း၊ မြေကွက်အမှတ်(၆၅၇/ခ)၊ မြေအကျယ်အဝန်း (၂၁ပေx၆၀ပေ)၊ ဧရိယာ (၀.၀၂၈၉)ဧက၊ (၁၂၆၀) စတုရန်းပေရှိ နှစ် (၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မော်လီ [၁၂/ဥကတ(နိုင်)၀၂၅၀၈၂] အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိ ပြီး အမည်ပေါက်ထံမှ ဒေါ်မြင့်မြင့်ခိုင်[၈/မလန(နိုင်)၀၀၃၆၅၉] သည် ''နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်''ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်ယဉ်ယဉ်ကြည်(LL.B) | ဒေါ်ကေကေနိုင်(LL.B) |
|---|---|
| (စဉ်–၁၁၄၀၆) | (စဉ်–၅၃၃၄၄) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ သစ်ခွလမ်း၊ မြေကွက်အမှတ်(၅၂၂)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးအောင်ကျော်မြင့်[၉/ညဥန(နိုင်)၀၃၇၇၅၀]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်ယဉ်ယဉ်ကြည်(LL.B) | ဒေါ်ကေကေနိုင်(LL.B) |
|---|---|
| (စဉ်–၁၁၄၀၆) | (စဉ်–၅၃၃၄၄) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၀ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၀၉

| ဦးလှသိန်း (ခ) မာမက်ရဟင်း နှင့် (ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်အရှာဘီဘီ၏တရားဝင်ကိုယ်စားလှယ်) | ၁။ ဒေါ်တင်တင်အေး<br>၂။ ဒေါ်တင်တင်ဌေး<br>(၎င်းတို့၏အခွင့်ရ ကိုယ်စားလှယ် ဦးအောင်ဝင်း)<br>၃။ ဦးခင်မောင်လွင်<br>(အရွယ်မရောက်သေးသူ ၎င်း၏နီးစပ်ရာ မိတ်ဆွေဦးအောင်ဝင်း)<br>၄။ ဒေါ်ဖရီဒါဘီ<br>၅။ ဒေါ်ရစူးလ်ဘီ<br>၆။ ဦးမာမက်ရဖီး<br>၇။ ဒေါ်အစီနာဘီ<br>**(ကွယ်လွန်သူ ဒေါ်အရှာဘီဘီ၏ တရားဝင်ကိုယ်စားလှယ်များ)**<br>**(၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဦးအောင်ထွန်းလေး)** |
|---|---|
| **(အယူခံတရားလို)** | **(အယူခံတရားပြိုင်များ)** |

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၀/၂၀၁၁ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉လမ်း၊ အမှတ်–၅၄ (မြေညီ)နေ အယူခံတရားပြိုင်အမှတ်(၅)ဒေါ်ရစူးလ်ဘီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင် လ (၁၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မို့မို့အောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၇၇
## ကွယ်လွန်သူ ဦးအုန်းခိုင် ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

| ဒေါ်ခင်အေး<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဒေါ်စုကြည်ခိုင်) | --------- | လျှောက်ထားသူ |
|---|---|---|

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရွာလယ်ပိုင်း၊ ဖောင်ကြီးအနောက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအုန်းခိုင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းလျှောက်ထားသူ ဒေါ်ခင်အေးက အမွေဆက်ခံခြင်း ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်၊ (၁၃၈၄ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအုန်းခိုင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၂၂ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်၊ (၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) နံနက်(၁၀:၀၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်းလာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ခင်အေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် လမ်းမ၊ မြေတိုင်းရပ်ကွက်အမှတ်၊ ရန်ကုန်သစ်၊ မြေကွက်အမှတ်(၄၇၅)၊ မြို့/မြေ နှစ်(၆၀) မြေဂရန်အမည်ပေါက် ဦးလှမောင်(ကွယ်လွန်)၏ မြေအကျယ်အဝန်း ပေ(၄၀x၆၀)အနက်မှ ခေါင်းရင်းခြမ်း ပေ(၂၀x၆၀)၊ မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အမှတ်(၅၂/က)၊ ဘုရင့်နောင်လမ်းမ၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟု ခေါ်တွင်သည့် နှစ်ထပ်သွပ်မိုးနေအိမ်အပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ မြေနှင့်နေအိမ်အပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းမာ[၁၂/သဃက(နိုင်)၀၈၅၂၃၇]၊ ဒေါ်အေးအေးရွှေ [၁၂/အစန(နိုင်)၁၁၃၇၅၈]၊ ဒေါ်မြမြတင့် [၁၂/သဃက(နိုင်)၀၈၉၈၈၀]၊ ဒေါ်စန်းစန်းဝင်း [၁၂/သဃက(နိုင်)၀၈၅၂၃၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်နေ့ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လင်းလင်းထွေး [၅/ကလတ(နိုင်)၀၈၀၆၃၄]၏လွှဲအပ်ချက်အရ–**
**ဦးထွန်းထွန်း(ဝါးခယ်မ)LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၂၀)**
**အမှတ်–၂၃/က၊ ဘုရင့်နောင်လမ်းမ(ရေကန်ရှေ့)**
**ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09–420118326, 09–954471171, 09–254471171**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင် (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာလမ်းသစ်(ခ)တက်လမ်းအိမ်ရာ၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၄၀၁)၏ အမည်ပေါက် ဦးအောင်လွင်ဦး[၉/ကပတ(နိုင်)၁၇၀၆၀၈]မှ မလိုအပ်သည့် စာရွက်စာတမ်းများအား မီးရှို့ဖျက်ဆီးရာတွင် (Owner Book)မူရင်း ပါသွားပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် မိတ္တူမှန် ပြန်လည်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။**
**၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၁၀)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–၂၀(က+ခ)၊ မြေကွက်အမှတ်–၃၊ အဆောက်အအုံအမှတ်–(၂)၊ မြေပေါ်ရှိ (၂)ခန်းတွဲ(၃)ထပ်ခွဲတိုက် အဆောက်အဦ၏ ပထမထပ်(ခေါင်းရင်း)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့သာလျှင် လက်ဝယ် ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဦးမျိုးသိန်း[၁၂/ဥကတ(နိုင်)၀၂၉၄၉၉]နှင့် ဒေါ်သီတာဦး[၁၂/လမန(နိုင်)၀၃၈၃၆၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောမြသဇင်ဦး[၁၂/ကမရ(နိုင်)၀၅၀၈၆၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ရောင်းသူထံ ရောင်းကြေးတန်ဖိုးငွေများ ဆက်လက်ပေးချေ၍ တိုက်ခန်းအားလက်ရောက် ရယူပြီး အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းဝင်းမော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၆၉၅/၁၆)**
**ရုံးခန်းအမှတ်(၇၃၇/၇၄၁)၊ အခန်း(၀၀၅)၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၄၉၃၃၆၀၊ ၀၉–၄၂၀၀၀၂၉၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆၄)၊ မြေကွက်အမှတ်(၄၂/၂)၊ ဧရိယာ(၁.၅၄)ဧက အနက်မှ (၀.၃၅)ဧက၊ မြေကွက်တည်နေရာ(အမှတ်–၄၂/၂) သဲဖြူအရှေ့ကွင်း၊ မင်္ဂလာဒုံမြို့နယ်(မစောပု) အမည်ပေါက် မြေအမျိုးအစား (L,G) မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်–၂၅၁/၂၀၁၆ (၂၀–၂–၂၀၁၇) စီရင်ချက်နှင့် အနိုင်ဒီကရီအရ ဦးကျော်ဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်မိုးမြင့်)မှ တရားလိုပြုလုပ်၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်– ၅၄/၂၀၁၇ (၂၁–၉–၂၀၁၇)နေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်တို့ကို တင်ပြ၍ တရားပြိုင်များဖြစ်ကြသည့် မစောပု၊ မောင်စိတ္တ၊ မောင်အောင်လှ၊ မောင်ပေါ်ထင်၊ ဒေါ်မြရင်တို့ကိုယ်စား တရားရုံးဘီလစ် ဒေါ်မြဖူးအိမ်[၁၂/ကတန(နိုင်)၁၁၁၁၉၆]မှ ဘီလစ်ခန့်စာ၊ တရားရုံးအမိန့်တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆ အေ–၁)၊ မြေကွက်အမှတ်–(V ၁၁၉)၊ မြေကွက်တည်နေရာအမှတ်(၇)၊ စလင်းလမ်း၊ ၂၆–အေ–၁၊ ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးတင်အောင်[၁၂/ထတပ(နိုင်)၀၁၂၁၈၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးတင်အောင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၄၄/၂၀၂၂) (၄–၃–၂၀၂၂)ဖြင့် ရရှိသူ ဒေါ်ဆုမွန်အောင် [၁၂/စခန(နိုင်)၀၆၆၂၅၅] မှ နှစ်(၆၀)ဂရန်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာ၊ ကျမ်းကျိန်လွှာအမှတ်–၅/၂၇၈၁/၂၀၂၂(၂၆–၅–၂၀၂၂)တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းဖြစ်ပါ သည်။ မြို့မြေစာရင်းတွင် ဦးတင်အောင်မှ (၁၇–၉–၂၀၀၇)ရက်တွင် အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းအား ရှင်းလင်းရန် အကြောင်းကြားခဲ့ရာ အဆိုပါ(၂၀၀၇)ခုနှစ် ဦးတင်အောင်လျှောက်ထားထုတ်ယူခဲ့သော အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားကြောင်း ဝန်ခံကတိ (၂၆–၅–၂၀၂၂)ရက်စွဲပါ ကျမ်းကျိန်လွှာပူးတွဲ၍ တာဝန်ယူကြောင်း ဝင်စာဖြင့် တင်ပြလာပါသဖြင့် SP ဒေါ်ဆုမွန်အောင်မှ နှစ်(၆၀)ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၄၈၁)ဟုခေါ်တွင်သော ဦးမျိုးဝင်း (MYA–၀၀၉၆၀၂) အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားဖြစ်သည့် မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သီတာအေး [၇/တငန(နိုင်)၁၀၄၆၆၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**REALITY KING LAW FIRM**

| ဦးဇော်မျိုးအောင် (စဉ်–၁၁၄၆၂) | ဒေါ်ခင်အေးသန်း (စဉ်–၉၁၁၉) |
|---|---|
| (LL.B, D.I.L) | (LL.B, D.B.L, D.I.L, WIPO Switzerland) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ မြေတိုင်း(၃)လမ်း၊ မြေကွက်အမှတ်(၉၆၉)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေထဲမှ တရားဝင်မခွဲ စိတ်ရသေးသော မြေကွက်အမှတ်(၉၆၈)နှင့် ကပ်လျက်ခြမ်း၏ မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးမြင့်အောင် [၁၂/မဂတ(နိုင်)၀၀၅၇၉၈] အမည်ပေါက် နှစ်(၆၀) ဂရန် (မိတ္တူ) ဘက်ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဦးအောင်ကိုနိုင် [၈/ပဖန(နိုင်) ၀၉၀၂၃၄]နှင့် ဒေါ်နှင်းဝတ်ရည် [၁၄/ဝခမ(နိုင်)၂၀၅၄၀၃]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**REALITY KING LAW FIRM**

| ဦးဇော်မျိုးအောင် (စဉ်–၁၁၄၆၂) | ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉) |
|---|---|
| (LL.B, D.I.L) | (LL.B, D.B.L, D.I.L, WIPO Switzerland) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉– ၄၂၀၂၆၆၀၆၁၊ ၀၉– ၂၅၃၁၁၈၀၁၄၊ ၀၉–၄၅၇၇၅၁၂၄၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခုပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၅**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ - **စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳**

## မြန်မာအမျိုးသမီးအသင်း ဗိုလ်လုပွဲနှင့် လွဲချော်

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၂၂အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။

**နှစ်ဂိုး - ဂိုးမရှိ**

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်အသင်းက ဗီယက်နမ်အသင်းကို လေးဂိုး - ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ယခုဆီမီးဖိုင်နယ်ပွဲအတွက် သေချာပြင်ဆင်ပြီး ယှဉ်ပြိုင်ခဲ့သော်လည်း ထိုင်းအသင်းကို အရှုံးပေးခဲ့ရသည်။

**စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○**



မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အောင်လအန်ဆန်နှင့် အန်ဒရေဂါဗယ်အိုတို့ အထူးပွဲစဉ် ယှဉ်ပြိုင်ထိုးသတ်မည်




**ရန်ကုန် ဇူလိုင် ၁၅**

ONE Championship သည် ပရိသတ်များစိတ်ဝင်စားမည့် အထူးပွဲစဉ်တစ်ခုအဖြစ် ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံဟောင်း အောင်လအန်ဆန်နှင့် နပန်းကမ္ဘာ့ချန်ပီယံဟောင်း ဘရာဇီးနိုင်ငံသား အန်ဒရေဂါဗယ်အိုတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

အောင်လအန်ဆန်နှင့် အန်ဒရေဂါဗယ်အိုတို့ထိုးသတ်မည့် အထူးပွဲစဉ်ကို MMA စည်းမျဉ်းနှင့် နပန်းစည်းမျဉ်းများဖြင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ယင်းပွဲကို လေးချီပြုလုပ်မည်ဖြစ်ပြီး ပထမနှင့် တတိယအချီတွင် MMA စည်းမျဉ်း၊ ဒုတိယနှင့် စတုတ္ထအချီတွင် နပန်းစည်းမျဉ်းများဖြင့် ထိုးသတ်ရမည်ဖြစ်သည်။ ONE Championship အနေဖြင့် ယင်းပွဲစဉ်ပြုလုပ်မည့် အစီအစဉ်ကိုသာ ထုတ်ပြန်ခဲ့ပြီး ကျင်းပမည့်ရက်ကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

ONE Championship သည် နပန်းစည်းမျဉ်းဖြင့်သာ ထိုးသတ်ရသည့် အထူးပွဲစဉ်၊ MMA စည်းမျဉ်းနှင့် မွေထိုင်းစည်းမျဉ်းများဖြင့် ထိုးသတ်ရသည့် အထူးပွဲစဉ်များ ကျင်းပခဲ့ဖူးကြောင်း သိရသည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - ONE Championship**

**ယနေ့ ဖတ်စရာ**

**အိန္ဒိယနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ပထမဆုံးအကြိမ်တွေ့ရှိ**

စာမျက်နှာ ၁၄



**သိန္နီနှင့် မူဆယ်မြို့နယ်တို့၌ တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ**

စာမျက်နှာ ၁၅